# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၅ |
| ၆ | တံဆိပ်ခေါင်းအရောင်းလိုင်စင်ချထားပေးရာတွင် ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတု ကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက်ပိုမို ရောင်းချခြင်း မပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ကျောက်တန်းမြို့နယ်၊ တံတားမြို့ခွဲရှိ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းတွင် အသက်မွေး ဝမ်းကျောင်းပညာများ စဉ်ဆက်မပြတ်သင်ကြားပို့ချနိုင်ရန် ဘတ်ဂျက်ချထားပေးရန်နှင့် ရက်တို၊ ရက်ရှည်သင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | ဖားဆောင်းမြို့နယ် တောင်သူများ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ထွန်ယက်နိုင်ရေးအတွက် မြို့နယ်ပိုင် လယ်ထွန်စက်ကြီးနှစ်စီး၊ လက်တွန်းထွန်စက်လေးစီးနှင့် လယ်စပါးရိတ်သိမ်းခြွေစက်များကို ချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာ၊ နမ့်ဝုန်းချောင်းရေကို လက်လုပ်ဆည်ဖြင့် သွယ်တန်း၍ ဧက ၁၀၀ ခန့်အား | ၁၆ |

ဆည်ရေများပေးနေမည့်အစား ခိုင်ခံ့တောင့်တင်းသော သံကူ ကွန်ကရစ်မပါ သာမန်ကျောက်စီကွန်ကရစ်ဆည်ကို နမ့်ဝုန်းချောင်းမှ တည်ဆောက် သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ မြစ်သားမြို့နယ် စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးရှိ ရွာများအတွက် နောင်တွင် ရေကြီးရေလျှံ ရေဘေးသင့်မှုမှ ကင်းဝေးစေရန် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း ၁၈

၁၁ စာချုပ်စာတမ်းမှတ်ပုံတင်ရာတွင် သဘောသဘာဝချင်းကွဲပြားသည့် ရောင်းခွန်ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေး ပေးသွင်းခြင်းတို့ကို သီးခြားစီပေးဆောင်စေရန် ပြင်ဆင်ပေး နိုင်ခြင်း ရှိ/မရှိနှင့် မှတ်ပုံတင်ကြေးပေးသွင်းရန်နှင့် ကျသင့် တံဆိပ်ခေါင်း တန်ဖိုးသတ်မှတ်ရာတွင် အခြေခံထားတွက်ချက်ရန် စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်း စိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့်စံတန်ဖိုး(Guidance Value)နှင့် တွက်ချက်နည်းစနစ်များကို စာချုပ်စာတမ်း မှတ်ပုံတင် မည့်ပြည်သူများ သိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၂

၁၂ စိုက်ပျိုးရေးကိရိယာများ အပြည့်အဝမတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီ အချိန်မီ ထွန်ယက် စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့တင်ပို့ ရောင်းချနေခြင်းအား ကန့်သတ် တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင် သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၆

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်း ဥပဒေများကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၃၂

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၂၃–၇–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအေးကြူ၊ လပွတ္တာမဲဆန္ဒနယ်၏ ၁–၇–၂၀၁၈ မှ ၁၄–၇–၂၀၁၈ ရက်နေ့အထိ ဂျပန်နိုင်ငံ **13th Study Tour of the Legal Project** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၉–၇–၂၀၁၈ မှ ၁၃–၇–၂၀၁၈ ရက်နေ့အထိ **ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ လွှတ်တော်သို့ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀-၇-၂၀၁၈ မှ ၂၇-၇-၂၀၁၈ ရက်နေ့အထိ နယ်သာလန်နိုင်ငံ **HIV ကာကွယ်ရေးနှင့် ဆေးထိုးအပ်သွင်းသူများ အန္တရာယ်လျော့ပါးရေး ဆိုင်ရာမူဝါဒနှင့် ဆောင်ရွက်မှုများအား လေ့လာရေးနှင့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ AIDS ညီလာခံ** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **တံဆိပ်ခေါင်း အရောင်းလိုင်စင် ချထားပေးရာတွင် ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမည့် စာရင်း မှတ်တမ်း အမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှား အန္တရာယ်ကြောင့် ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်း မပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်း ဖောက်ဖျက်သူများ၊ တရားမဝင် ရောင်းဝယ်နေမှုများအား မည်သို့ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ တံတားမြို့ခွဲရှိ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာများ စဉ်ဆက်မပြတ် သင်ကြားပို့ချ နိုင်ရန် ဘတ်ဂျက်ချထားပေးရန်နှင့် ရက်တို၊ ရက်ရှည်သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဖားဆောင်းမြို့နယ် တောင်သူများ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ထွန်ယက်နိုင်ရေး အတွက် မြို့နယ်ပိုင် လယ်ထွန်စက်ကြီး (၂) စီး၊ လက်တွန်းထွန်စက် (၄) စီးနှင့် လယ်စပါးရိတ်သိမ်းခြွေစက်များကို ချပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန် ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာ၊ နမ့်ဝုန်းချောင်းရေကို လက်လုပ် ဆည်ဖြင့် သွယ်တန်း၍ ဧက (၁၀၀) ခန့်အား ဆည်ရေများ ပေးနေမည့် အစား ခိုင်ခံ့တောင့်တင်းသော သံကူကွန်ကရစ်မပါ သာမန်ကျောက်စီ ကွန်ကရစ်ဆည်ကို နမ့်ဝုန်းချောင်းမှ တည်ဆောက်သွယ်တန်း ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ် စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးရှိ ရွာများအတွက် နောင်တွင် ရေကြီးရေလျှံ ရေဘေးသင့်မှုမှ ကင်းဝေးစေရန် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **စာချုပ်စာတမ်း မှတ်ပုံတင် ရာတွင် သဘောသဘာဝချင်း ကွဲပြားသည့် ရောင်းခွန် ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေး ပေးသွင်းခြင်းတို့ကို သီးခြားစီ ပေးဆောင်စေရန် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မှတ်ပုံတင်ကြေး ပေးသွင်းရန်နှင့် ကျသင့်တံဆိပ်ခေါင်းတန်ဖိုး သတ်မှတ်ရာတွင် အခြေခံထား တွက်ချက်ရန် စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်း စိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့် စံတန်ဖိုး (Guidence Value)နှင့် တွက်ချက်နည်း စနစ်များကို စာချုပ်စာတမ်းမှတ်ပုံတင်မည့် ပြည်သူများ သိရှိနိုင်ရန် အတွက် ပွင့်လင်းမြင်သာစွာဖော်ပြပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က **"စိုက်ပျိုးရေး စက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီ ထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိတဲ့အနက် ၃၈၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ

စုစုပေါင်းရဲ့ ၈၉.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၄ ရက်၊
(၂) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၄ ရက်၊
(၃) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊
(၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂၀ ရက်၊
(၆) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၄ ရက်၊
(၇) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊
(၉) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊
(၁၀) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၅ ရက်၊
(၁၁) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၃ ရက်၊
(၁၂) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၁၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၁၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၂ ရက်၊
(၁၅) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊
(၁၆) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၅ ရက်၊

(၁၇) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊
(၁၈) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၄ ရက်၊
(၁၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၂ ရက်၊
(၂၀) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၄ ရက်၊
(၂၁) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၃ ရက်၊
(၂၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊
(၂၄) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊
(၂၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၄ ရက်၊
(၂၆) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၃ ရက်၊
(၂၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၄ ရက်၊
(၂၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၂၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၄ ရက်၊
(၃၀) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊
(၃၁) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၁ ရက်၊
(၃၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၃၃) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊
(၃၄) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၄ ရက်၊
(၃၅) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၂ ရက်၊
(၃၆) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ် ခွင့် ၄ ရက်၊
(၃၇) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊
(၃၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊
(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၄ ရက်၊
(၄၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၄ ရက်၊
(၄၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၄ ရက်၊
(၄၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၂ ရက်၊
(၄၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၄၄) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ရန် ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာနဲ့ တက်ရောက်လာကြတာတွေ့ရတဲ့အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခများနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီကနေ့ စတင်ကျင်းပတဲ့ နဝမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေနဲ့ ၂၃ ခုရှိပါတယ်။ အဆိုများအနေနဲ့ အဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်အဆိုလေးခုနဲ့ အသင့်ဖြစ်အဆို သုံးခုရှိတဲ့အတွက် ဆွေးနွေးရန်အဆို စုစုပေါင်း ခုနစ်ခုဖြစ်ပါတယ်။ မေးခွန်းများအနေနဲ့ အဋ္ဌမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ကြယ်ပွင့်ပြမေးခွန်း ၁၃၇ ခုအပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၅၆ ခုရှိပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကာလဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကို အလေးထားဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ချမှတ်ပြီး အားသွန်ခွန်စိုက်ဆောင်ရွက်နေသလို အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံရေးပါတီများ အစုအဖွဲ့တွေရဲ့ အဆိုပြုတင်ပြချက်တွေကို အခြေခံပြီး ထွက်ပေါ်လာတဲ့ သဘောတူညီချက်များကတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက်လုပ်ဆောင်ကြရမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမစတင်မီ ဇူလိုင်လ ၁၀ ရက်နေ့၌ မိမိနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့ နှစ်ဦးမှ ဦးစီး၍ ညီလာခံတက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကိုတွေ့ဆုံပြီး

စနစ်တကျနှင့် ထိရောက်စွာချိတ်ဆက်ဆွေးနွေးနိုင်စေရန် ဆွေးနွေးမည့်အစုအဖွဲ့ငါးဖွဲ့ကို တာဝန်ပေးအပ်မှုများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအဖွဲ့တွေမှာ ပါတီစုံနှင့် တိုင်းရင်းသားပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ညီလာခံကာလတစ်လျှောက်လုံးမှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အားကောင်းမောင်းသန်စွာနဲ့ ပါဝင်ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထာဝရငြိမ်းချမ်းရေးကိုရရှိဖို့အတွက် မိမိတို့လွှတ်တော်များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့အသံကို ထင်ဟပ်စေတဲ့ လွှတ်တော်ဟာ ပြည်သူတွေအားကိုးထိုက်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနဲ့ ဥပဒေပြုရေးတာဝန်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေဟာ ပြည်သူတွေရဲ့ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှုကို ကာကွယ်မြှင့်တင်ပေးနိုင်တဲ့ဥပဒေတွေ ဖြစ်ရပါမယ်။ လွှတ်တော်မှာ တင်သွင်းတဲ့အဆိုတွေဟာ ပြည်သူ့အသံကို ထင်ဟပ်နေတဲ့အဆိုတွေဖြစ်ရပါမယ်။ မေးမြန်းတဲ့မေးခွန်းတွေဟာလည်း ပြည်သူ့သဘောထားတွေ ဖော်ပြတဲ့မေးခွန်းတွေဖြစ်ရပါမယ်။ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်တာဝန်တွေ ထမ်းဆောင်တဲ့အခါ လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများအတိုင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များစွမ်းဆောင်ရည်မြှင့်မားပါမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ပိုမိုထိရောက်စွာသယ်ပိုးဆောင်နှင်းပေးနိုင်မှာဖြစ်တဲ့အတွက် မိမိတို့၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အမြဲအားထုတ်ကြိုးပမ်းကြဖို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့ -

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ လပွတ္တာမဲဆန္ဒနယ်၏ ၁-၇-၂၀၁၈ မှ ၁၄-၇-၂၀၁၈ ရက်နေ့အထိ ဂျပန်နိုင်ငံ 13th Study Tour of the Legal Project သို့သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၉-၇-၂၀၁၈ မှ ၁၃-၇-

၂၀၁၈ ရက်နေ့အထိ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ လွှတ်တော်သို့ လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀-၇-၂၀၁၈ မှ ၂၇-၇-၂၀၁၈ ရက်နေ့အထိ နယ်သာလန်နိုင်ငံ HIV ကာကွယ်ရေးနှင့် ဆေးထိုးအပ်သွင်းသူများ အန္တရာယ်လျော့ပါးရေးဆိုင်ရာမူဝါဒနှင့် ဆောင်ရွက်မှုများအား လေ့လာရေးနှင့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ AIDS ညီလာခံသို့သွားရောက်ခဲ့သည့်ခရီးစဉ် တို့ဖြစ်ပါတယ်။

တင်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ်သုံးခုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တံဆိပ်ခေါင်းအရောင်းလိုင်စင်ချထားပေးရာတွင် ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက်ပိုမိုရောင်းချခြင်းမပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ၂၇-၇-၂၀၁၅ ရက်စွဲနဲ့ ယခင်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၈၀၈/၂၀၁၅)ပါ တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်လို့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာမှာ အခန်းငါးခန်းနှင့် အပိုဒ် ၃၉ ပိုဒ်ပါဝင်တာတွေ့ရပါတယ်။ ဒီအမိန့်ကြော်ငြာစာအရ ရုံးအခွန်နှိပ်တံဆိပ်ခေါင်းနှင့် ရုံးအခွန်ကတ်တံဆိပ်ခေါင်းများနှင့်ပတ်သက်လို့ အရောင်းလိုင်စင် ချထားပေးမှုများနဲ့ပတ်သက်ပြီး သိရှိမေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာပါ အကြောင်းအရာတွေအရ လိုင်စင်လျှောက်ထားမှု၊ လိုင်စင်ထုတ်ပေးမှုနဲ့ လိုင်စင်ပြန်လည်ရုပ်သိမ်းမှုတွေနဲ့ ပတ်သက်ပြီးတော့ ပါဝင်တာတွေ့ရပါတယ်။ အရောင်းလိုင်စင်လျှောက်ထားလိုသူတွေဟာ သက်ဆိုင်ရာ

မြို့နယ်အခွန်ဦးစီးဌာနမှာ လျှောက်ထားရမှာဖြစ်ပြီးတော့ လိုင်စင်သက်တမ်းနှစ်နှစ် သတ်မှတ်ထားပြီးတော့ သက်တမ်းကာလမကုန်မီ ရက်ပေါင်း ၆၀ ကြိုတင်ပြီးတော့ သက်တမ်းတိုးလျှောက်ထားရမှာ ဖြစ်ပါတယ်။ အခန်း(၃)အရ လိုင်စင်ရရှိသူရဲ့ တာဝန်နဲ့အကျိုးခံစားခွင့်အနေနဲ့ တန်ဖိုးရဲ့ လေးရာခိုင်နှုန်းလျှော့နှုန်းဖြင့် ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ လိုင်စင်ရရှိသူ သေဆုံးမယ်ဆိုလို့ရှိရင် လိုင်စင်ပျက်ပယ်ပြီးတော့ ကျန်တံဆိပ်ခေါင်းတွေကို ပြန်လည်အပ်နှံဖို့လိုကြောင်း သိရပါတယ်။ တံဆိပ်ခေါင်းဆိုတဲ့နေရာမှာ အခွန်တံဆိပ်ခေါင်းနဲ့ ရုံးအခွန်တံဆိပ်ခေါင်းများသိရှိတဲ့အတွက်ကြောင့် အရောင်းလိုင်စင်လျှောက်ထားလိုသူ ပြည်သူများသိရှိနားလည်စေဖို့ရည်ရွယ်ပြီးတော့ ပြင်ပမှာ တရားမဝင်တံဆိပ်ခေါင်းရောင်းချနေမှုများ သတ်မှတ်တန်ဖိုးထက် အဆများစွာဈေးတင်ရောင်းချနေမှုများနဲ့ အများပြည်သူလွယ်လွယ်ကူကူဝယ်ယူအသုံးပြုနိုင်ရေးနဲ့ နိုင်ငံတော်အတွက် ဝင်ငွေအကျိုးရရှိလာရေးအတွက် ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ တံဆိပ်ခေါင်းထိန်းသိမ်းရောင်းချမှုအနေနဲ့ စာရင်းမှတ်တမ်းထိန်းသိမ်းတဲ့အခါမှာ အခွန်ဦးစီးဌာနအနေနဲ့ကတော့ တံဆိပ်ခေါင်းအမျိုးအစားအလိုက် Signal Lock သော့တစ်ချက်ခတ်နဲ့ Double Lock သော့နှစ်ချက်ခတ် စာရင်းမှတ်တမ်းတွေနဲ့ စနစ်တကျမှတ်တမ်းတင်ရေးသွင်း ဆောင်ရွက်ကြရပြီးတော့ ရောင်းချတဲ့အခါမှာလည်း အရောင်းမှတ်ပုံတင်စာအုပ်မှာ စနစ်တကျရေးသွင်းမှတ်တမ်းတင်ပြီးတော့ ရောင်းချကြရပါတယ်။ တံဆိပ်ခေါင်းရောင်းချတဲ့အခါမှာ ပြည်သူများအနေနဲ့ တံဆိပ်ခေါင်းဥပဒေပါ မိမိအသုံးပြုလိုတဲ့ကိစ္စရပ်တွေကို သတ်မှတ်တန်ဖိုးများနဲ့အညီ ဝယ်ယူအသုံးပြုနိုင်ကြဖို့အတွက် ရောင်းချနိုင်ဖို့လိုတာလည်း တွေ့ရပါတယ်။ အရောင်းကိုယ်စားလှယ်တွေအနေနဲ့လည်းပဲ ဘယ်လိုကိစ္စတွေမှာ ဥပဒေနဲ့အညီ ရောင်းချသင့်တဲ့ တံဆိပ်ခေါင်းတန်ဖိုးနဲ့ တံဆိပ်ခေါင်းအမျိုးအစားတွေကို သေသေချာချာ သိရှိနားလည်ထားဖို့လည်း လိုတာတွေ့ရပါတယ်။ ဒါမှလည်းပဲ အသုံးပြုတဲ့ပြည်သူတွေအတွက် ဥပဒေရဲ့အကာအကွယ်ရရှိနိုင်မှာဖြစ်သလို နိုင်ငံတော်မှလည်း ရသင့်ရထိုက်တဲ့အခွန်ငွေတွေ အပြည့်အဝရရှိနိုင်မှာဖြစ်ပါတယ်။ အရောင်းမှတ်တမ်းရေးသွင်းမှုအရ ပြည်သူများအသုံးပြုမှုအပေါ်မူတည်ပြီးတော့ တခြားရသင့်တဲ့ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နဲ့ အထူးကုန်စည်ခွန်များ ထပ်မံကောက်ခံနိုင်ဖို့အတွက် အထောက်အကူရရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တံဆိပ်ခေါင်းလိုင်စင်၊ အရောင်းလိုင်စင်ချထားပေးတဲ့အခါမှာ ရောင်းချခွင့်ရရှိတဲ့ တံဆိပ်ခေါင်းအမျိုးအစားနဲ့ လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမယ့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများအပေါ်မှာ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက်ပိုမိုရောင်းချခြင်းမပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းချပြနိုင်ရေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ တံဆိပ်ခေါင်းအရောင်းလိုင်စင်ချထားပေးရာမှာ ရောင်းချခွင့်ရှိတဲ့တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမယ့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများဖြစ်ပေါ်လာတဲ့အခါမှာ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက်ပိုမိုရောင်းချခြင်း မပြုနိုင်အောင် ကြီးကြပ်ဆောင်ရွက်မယ့်စနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင် ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းမေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာများမှာ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံလျက်ရှိတဲ့ အခွန်တွေကတော့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်တို့ဖြစ်ပါတယ်။ ၎င်းတို့အနက် တံဆိပ်ခေါင်းခွန်ကောက်ခံခြင်းကို ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေနဲ့ ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေတို့အရ စီမံခန့်ခွဲကောက်ခံလျက်ရှိခြင်းဖြစ်ပါတယ်။ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပြည်သူလူထုအနေဖြင့် ကိစ္စရပ်အလိုက်ချုပ်ဆိုဆောင်ရွက်ရတဲ့ စာချုပ်စာတမ်းနှင့် စာမှတ်စာတမ်းများကို တည်ဆဲဥပဒေများနှင့်အညီ ချုပ်ဆိုပြီးနောက် ထိုက်သင့်တဲ့တံဆိပ်ခေါင်းများကို ကပ်နှိပ်ထမ်းဆောင်စေခြင်းဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်၊ သက်သေခံအဖြစ် တင်သွင်းပိုင်ခွင့်စသည့် အခွင့်အရေးများရရှိစေရန်နဲ့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်များ ရရှိစေရန်ဖြစ်ပါတယ်။ တံဆိပ်ခေါင်းများ ဖြန့်ဖြူးရောင်းချရာမှာ တည်ဆဲမြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနဲ့ ရုံးခွန်တော်အက်ဥပဒေတို့အပြင် ခေတ်အဆက်ဆက်ထုတ်ပြန်ခဲ့တဲ့ အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် စပ်လျဉ်းတဲ့နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် ဆင့်ဆိုချက်များကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်ခဲ့ပါတယ်။ တံဆိပ်ခေါင်းများ ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်ပြီးတော့ ၂၇-၇-၂၀၁၅ ရက်စွဲဖြင့်ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၈၀၇/၂၀၁၅) အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာနည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာအမှတ်(၁၈၀၈/၂၀၁၅) ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာနည်းဥပဒေများတို့ကို လိုက်နာကျင့်သုံး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ Power Point မှာလည်း ကျွန်တော် ဒီအမိန့်ကြော်ငြာစာနှစ်ခုကို တင်ပြပေးထားပါတယ်။

ပြည်သူလူထုအနေဖြင့် လိုအပ်တဲ့တံဆိပ်ခေါင်းများကို အလွယ်တကူဝယ်ယူရရှိနိုင်ဖို့အတွက် နေပြည်တော်မှာရှိတဲ့ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း အလယ်ဘလောက်မှာရှိတဲ့ တံဆိပ်ခေါင်းဗဟိုအရောင်းကောင်တာများဖွင့်လှစ်ပြီးတော့ ရောင်းချပေးလျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှာလည်း အခွန်တံဆိပ်ခေါင်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာနည်းဥပဒေနှင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာနည်းဥပဒေအရ ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်(၀၆၃/၂၀၁၆)မှာတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ၊ မြို့နယ်အသီးသီးမှာ ၃၁-၃-၂၀၁၈ ရက်နေ့အထိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူစုစုပေါင်း ၃၅၁ ဦးကို ခွင့်ပြုခန့်ထားပြီးတော့ တန်ဖိုးနည်းအခွန်တံဆိပ်ခေါင်း ကျပ် ၁၀၀ တန်ကနေ ၁၀၀၀ ကျပ်တန်အထိနဲ့ တန်ဖိုးနည်းအထူးကပ်၊ ရုံးခွန်ကပ်၊ ရုံးခွန်နှိပ်များကို လွတ်လပ်စွာဝယ်ယူနိုင်ရေး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ တံဆိပ်ခေါင်းအရောင်းလိုင်စင်ချထားပေးရာမှာ ရောင်းချခွင့်ရှိတဲ့ တံဆိပ်ခေါင်းအမျိုးအစားနဲ့ လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ သတ်မှတ်မှုနှင့်စပ်လျဉ်းပြီး ဒီအမိန့်ကြော်ငြာစာ(၀၆၃/၂၀၁၆)မှာ သတ်မှတ်ပေးထားပါတယ်။ အဆိုပါသတ်မှတ်ပေးထားတဲ့ ပမာဏများကို ရုံးခွန်နှိပ်အတွက် နောက်ဆက်တွဲ(က)နဲ့ ကျွန်တော်တို့တင်ပြထားပါတယ်။ ရုံးခွန်ကပ်အတွက် နောက်ဆက်တွဲ(ခ)၊ အခွန်နှိပ်အတွက် နောက်ဆက်တွဲ(ဂ)နဲ့ အခွန်ကပ်အတွက် နောက်ဆက်တွဲ(ဃ)တို့ဖြင့် တင်ပြထားပါတယ်။ ကျွန်တော်တို့ Power Point မှာလည်း တင်ပြထားပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို ဒေသအခြေအနေ နယ်မြေဖွံ့ဖြိုးတိုးတက်မှု၊ အခွန်ကောက်ခံရရှိမှုစတဲ့ အနေအထားများအပေါ်မှာမူတည်ပြီးတော့ အထူး(က)အဆင့် မြို့နယ်(၁၆)မြို့နယ်၊ (က)အဆင့်မြို့နယ် ၄၃ မြို့နယ်၊ (ခ)အဆင့်မြို့နယ် ၁၀၃ မြို့နယ်နှင့် (ဂ)အဆင့်မြို့နယ် ၁၀၂ မြို့နယ်တို့ကို အဆင့်သတ်မှတ်ထားရှိပြီးတော့ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများကိုလည်း အဆိုပါမြို့နယ်အဆင့်သတ်မှတ်ချက်အလိုက်ကို ခွင့်ပြုခန့်ထားပေးပါတယ်။ ရောင်းချသူများလက်ဝယ်ထုတ်ပေးတဲ့ တံဆိပ်ခေါင်းအရေအတွက်ကိုလည်း အဆင့်သတ်မှတ်ချက်အလိုက် သတ်မှတ်ပြီးတော့ ထုတ်ပေးထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ထိန်းသိမ်းထားရှိရမယ့် စာရင်းမှတ်တမ်းအမျိုးအစားများနဲ့ပတ်သက်ပြီး နည်းဥပဒေ ၁၇ မှာ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့်တံဆိပ်ခေါင်းအရေအတွက်နဲ့တန်ဘိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဘိုး၊ လက်ကျန်တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဘိုးတို့ကို နေ့အလိုက်စာရင်းပြုစုထားရှိရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ နည်းဥပဒေ ၂၉ မှာ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနဲ့ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိရောင်းချသောတံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနကသတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ်တွင် မှန်ကန်ပြည့်စုံစွာ ချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါမှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့်ကိစ္စအကြောင်းအရင်းကို မှတ်တမ်းတင်ထားရှိရမည်ဟု ဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ နည်းဥပဒေ ၁၇ အရ မှတ်ပုံတင်စာအုပ်နဲ့ နည်းဥပဒေ ၂၉ အရ မှတ်ပုံတင်စာအုပ်များကို မဖြစ်မနေထားရှိရမှာဖြစ်ပါတယ်။ အထက်ပါအတိုင်း နည်းဥပဒေနဲ့အညီ ပြုစုထိန်းသိမ်းထားရှိရမယ့်စာရင်းမှတ်တမ်းများ မှန်ကန်ပြည့်စုံစွာ ရေးသွင်းထားမှုရှိ/မရှိ၊ တံဆိပ်ခေါင်းခွန်ရောင်းချခြင်းဆိုင်ရာနည်းဥပဒေပါပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာမှုရှိ/မရှိ သိရှိကြပ်မတ်နိုင်ဖို့အတွက် မြို့နယ်အခွန်

ဦးစီးဌာနမှူး ကိုယ်တိုင် သို့မဟုတ် ၎င်းကတာဝန်ပေးအပ်သူ အရာရှိတစ်ဦးဦးသည် ညွှန်ကြားချက်နဲ့ အညီ လစဉ်စစ်ဆေးကြပ်မတ်မှုများကို မြို့နယ်အလိုက်ဆောင်ရွက်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာတဲ့အခါမှာ အစားထိုးလဲလှယ်ပေးနိုင်ခွင့်နဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၅၃ တွင် ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်း အတွက် ခွင့်ပြုသည့်ကိစ္စတစ်ရပ်ရပ်တွင် ကော်လိတ်တာအရာရှိသည် ထိုတံဆိပ်ခေါင်းများအစား အမျိုးအစားတူပြီးတော့ တန်ဖိုးတူတဲ့အခြားတံဆိပ်ခေါင်းများကို ပေးနိုင်သည် သို့မဟုတ် လျှောက်ထား သူကအလိုရှိပြီး မိမိကလည်းသင့်သည်ထင်မြင်လျှင် တန်ဖိုးတူသော အခြားတံဆိပ်ခေါင်း အမျိုးအစား ကိုပေးနိုင်သည် သို့မဟုတ် မိမိ၏ဆင်ခြင်တုံတရားအရ ကျပ် ၁၀၀ စီလျှင် ၁၀ ကျပ်ကျစီနုတ်၍ သို့မဟုတ် ကျပ် ၁၀၀ ၏ အစိတ်အပိုင်းအတွက် ၁၀ ကျပ်နုတ်၍ ကျန်သည့်တန်ဘိုးနှင့်တူညီသည့် ငွေသားကိုပေးနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

သတ်မှတ်တန်ဖိုးတက် ပိုမိုရောင်းချခြင်းမပြုနိုင်အောင်ဆောင်ရွက်တဲ့ ကြီးကြပ်မှုစနစ်နဲ့ စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၆၉ တွင် အခွန်တံဆိပ်ခေါင်းရောင်းချရန် အခွင့်အာဏာအပ်နှင်းထားသူတစ်ဦးဦးသည် ပုဒ်မ ၇၄ အရ ပြုလုပ်သည့်နည်းဥပဒေတစ်ရပ်ရပ်ကို မလိုက်နာလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ အခွင့်အာဏာ အပ်နှင်းထားခြင်းမရှိသူတစ်ဦးဦးသည် ၁၀ ကျပ်တန် ကပ်နှိပ်တံဆိပ်ခေါင်းမှစ၍ အခြားတံဆိပ်ခေါင်း တစ်ခုခုကိုရောင်းချလျှင် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းလျှင်သော်လည်းကောင်း၊ ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံမည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အခွန်တံဆိပ်ခေါင်းများကို ပြည်သူ လူထုက လိုအပ်ချက်ရှိလာပါက အချိန်မရွေးဝယ်ယူရရှိရေးအတွက် မြို့နယ်အခွန်ရုံးများနှင့် မြို့နယ် အလိုက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ခွင့်ပြုခန့်ထားဖြန့်ဖြူးရောင်းချပေးမှုအခြေအနေ၊ အခွန်တံဆိပ်ခေါင်းနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ဖြန့်ဖြူးရောင်းချမှုများဆောင်ရွက်ပါက ရရှိနိုင်သည့်ပြစ်ဒဏ်စသည်တို့ကို အသိပညာပေးခြင်းအနေဖြင့် နိုင်ငံပိုင်သတင်းစာများမှာ ၁-၈-၂၀၁၇ ရက်နေ့၊ ၃-၈-၂၀၁၇ ရက်နေ့၊ ၂-၁၀-၂၀၁၇ ရက်နေ့များမှာ ၂၁-၂-၂၀၁၈ ရက်နေ့များမှာ အသီးသီးဖော်ပြကြေညာခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံပိုင်သတင်းစာများနှင့် မီဒီယာ များမှ အခွန်တံဆိပ်ခေါင်းနှင့်စပ်လျဉ်းပြီး အသိပညာပေးခြင်းများကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ရာထူးကနေ ဌာနအလျောက်တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူတို့အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် စိစစ်ကြပ်မတ်မှုများဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်ရုံးများနှင့် မြို့နယ်ရုံးများသို့ ဌာနတွင်း ညွှန်ကြားချက်များ ထုတ်ပြန်ပြီးတော့ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စည်းကမ်း

ဖောက်ဖျက်သူများ တရားမဝင်ရောင်းဝယ်နေမှုများအား အရေးယူရန်ကိစ္စနှင့်စပ်လျဉ်းပြီး စည်းကမ်းဖောက်ဖျက်သူများကို လိုင်စင်ပိတ်သိမ်းအရေးယူခြင်း တရားမဝင်ရောင်းဝယ်သူများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေးဆောင်ရွက်ခြင်း၊ သတင်းပေးတိုင်ကြားစေသည့် စနစ်ကိုကျင့်သုံးဆောင်ရွက်ခြင်းစသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်တန်းမြို့နယ်၊ တံတားမြို့ခွဲရှိ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာများ စဉ်ဆက်မပြတ်သင်ကြားပို့ချနိုင်ရန် ဘတ်ဂျက်ချထားပေးရန်နှင့် ရက်တို၊ ရက်ရှည်သင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကျောက်တန်းမြို့နယ်၊ တံတားမြို့ခွဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ ဖွင့်ထားတဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမှာ စဉ်ဆက်မပြတ်သင်တန်းဖွင့်လှစ်ပေးနိုင်ရေးနှင့် စပ်လျဉ်းပြီးတော့မှ မေးခွန်းမေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးဖြစ်ပါတယ်။ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ကျွန်မတို့ ကျောက်တန်းမြို့နယ်ခွဲဖြစ်တဲ့ တံတားမြို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဟောင်း၏ လမ်းညွှန်မှုဆိုပြီးတော့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် ဂိုထောင်သုံးလုံးကို ပြင်ဆင်ပြီးတော့မှ သင်တန်းကျောင်းဖွင့်လှစ်ခဲ့ပါတယ်။ ဒီဂိုထောင်သုံးလုံးရဲ့ပြင်ဆင်စရိတ်အဖြစ် ၂၀၀.၂ သန်း အကုန်အကျခံထားကြောင်းကို ကမ္ပည်းမော်ကွန်းကျောက်စာလည်း ရေထိုးထားတာ တွေ့ရပါတယ်ရှင်။ ဒီသင်တန်းကျောင်းအတွက်ဆိုပြီးတော့ ၄.၇ သန်းအကုန်အကျခံပြီး ခြံစည်းရိုးကာရံခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့အသုံးပြုနိုင်ခြင်းမရှိလို့ မေးခွန်းမေးရတာဖြစ်ပါတယ်။ ရေစက်တွေလည်း သင်တန်းကျောင်းထဲမှာရှိပါတယ်။ ရေ၊ မီးအစုံရှိနေပါတယ်။ သို့သော်လည်းပဲ သင်တန်းဖွင့်မယ်ဆိုတဲ့ ဒီသင်တန်းကျောင်းခေါင်းစဉ်အောက်မှာ သင်တန်းတွေရှိမနေပါဘူး။ သင်တန်းသားတွေရှိမနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့မှ မကြာခဏ ကွန်ပျူတာသင်တန်းတို့၊ စက်ချုပ်သင်တန်းတို့ဆိုတာ ရက်တိုသင်တန်းတချို့၊ တချို့တွေ ဖွင့်ပါတယ်။ သို့သော်လည်းပဲ အများသောအားဖြင့် အချိန်တွေမှာတော့ ဒီသင်တန်းကြီးဟာ ပိတ်ထားနေရတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အသုံးပြုခဲ့တဲ့ဘတ်ဂျက်တွေ ကုန်ရကျိုးမနပ်တဲ့အတွက်ကြောင့်မို့လို့ ကုန်ရကျိုးနပ်တဲ့ သင်တန်းမျိုးတွေ ဖွင့်ပေးစေချင်ပါတယ်။ ကျွန်မတို့ကျောက်တန်းရဲ့ တံတားမြို့ခွဲမှာဆိုရင် သုံးခွမြို့နဲ့လည်း ကပ်လျက်ရှိပါတယ်။ အနီးအနားပတ်ဝန်းကျင်မှာဆိုရင် ခရမ်းတို့၊ သုံးခွတို့ဆိုလည်း သွားလာရန်ခက်ခဲတဲ့ကျေးရွာတွေ ရှိပါတယ်။ ဒီသွားလာရန်ခက်ခဲခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းကြောင့်ပဲ ကျွန်မတို့ရဲ့လူငယ်လေးတွေဟာ စာသင်ခန်းပြင်ပကို ရောက်ခဲ့ရတယ်။ ဒီစာသင်ခန်းပြင်ပရောက် ကလေးတွေလည်း အများကြီးရှိနေပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့အနီးတဝိုက်မှာဆိုရင် သီလဝါအထူးစီးပွားရေးဇုန်

မူကြမ်း

ကြီးလည်းရှိပါတယ်။ ဆိုတော့ ကျွန်မတို့က ဒီအတွက်ကို အထောက်အကူပေးမယ့် သင်တန်းမျိုးတွေလည်း အများကြီးလိုအပ်ပါတယ်။ စာသင်ခန်းပြင်ပရောက်ကလေးတွေအတွက် အသက်မွေးဝမ်းကျောင်းပညာတွေဖွင့်ပေးဖို့အတွက် လိုအပ်လျက်ရှိနေပါတယ်ရှင်။ ဒါကြောင့်မို့လို့ နှစ်စဉ်နှစ်တိုင်း ဒီဖွင့်ထားပြီးသား၊ ဘတ်ဂျက်အကုန်ခံထားပြီးသားဖြစ်တဲ့ သင်တန်းကျောင်းကြီးမှာ သင်တန်းသား ဘယ်နှစ်ယောက်ကို ဘယ်လိုသင်တန်းမျိုးတွေ စဉ်ဆက်မပြတ်ပေးမလဲ။ ဘယ်လိုမျိုးဘတ်ဂျက်တွေ လျာထားပေးမလဲဆိုတဲ့အစီအစဉ်ကတော့ လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ထားသော အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း အဆောက်အဦမှာ အသက်မွေးဝမ်းကျောင်းပညာရပ်များ စဉ်ဆက်မပြတ်သင်ကြားပို့ချနိုင်ဖို့အတွက် ဘတ်ဂျက်ချထားပေးခြင်း၊ ရက်တို၊ ရက်ရှည်သင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ်အား သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပေးပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ သင်တန်းကျောင်းအဆောက်အဦဟာဆိုရင် ကျောက်တန်းမြို့နယ်၊ တံတားမြို့မှာ ယခင်ရှိခဲ့တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် သိုလှောင်ရုံတွေကို လွှဲပြောင်းရယူပြီးတော့ ပြုပြင်ရတဲ့အဆောက်အဦကိုပြုပြင်ခြင်း၊ ပြုပြင်ရန် အခြေအနေမပေးတော့တဲ့အဆောက်အဦတွေကိုဖျက်သိမ်းပြီး အသစ်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိခြင်းဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လွှဲပြောင်းရယူခဲ့တဲ့ သိုလှောင်ရုံသုံးလုံးဟာဆိုရင် ကာလကြာမြင့်ခဲ့ခြင်းနှင့်အတူ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းဒဏ်ခံစားရတဲ့အတွက် ပျက်စီးခြင်းများရှိနေခဲ့တဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေနဲ့ သိုလှောင်ရုံသုံးရုံအနက်ကနေပြီးတော့ နှစ်ရုံကိုဖျက်သိမ်းပြီး ထွက်ရှိလာတဲ့ ဆယ်တင်ပစ္စည်းတွေနဲ့ ကျန်သိုလှောင်ရုံတစ်ရုံကို ပြုပြင်မွမ်းမံခဲ့ပါတယ်။ ဖျက်သိမ်းခဲ့တဲ့ သိုလှောင်ရုံနှစ်ရုံကို အုတ်ခုံခံ သံမဏိယက်မတိုင်၊ သံအမိုးဒိုင်း၊ အကာအုတ်၊ အမိုးသွပ်တို့နဲ့ အသစ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါအဆောက်အအုံရဲ့ အတိုင်းအတာကတော့ ပေ ၈၀ x ပေ ၄၀ x ၁၁ ပေ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီးတော့ ယင်းအဆောက်အအုံသုံးလုံးမှာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီး ကျေးလက်

ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ သင်တန်းတွေကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ပေါင်းစပ်ပြီး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးတစ်တိုင်းလုံးအနေနဲ့ဆိုရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေကို ခွင့်ပြုရန်ပုံငွေကျပ် ၉၅ သန်းနဲ့ သင်တန်းသား ၂၃၇၃ ဦးအတွက် သင်တန်းအကြိမ်ရေ ၆၅ ကြိမ် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတာကာလအတွင်းမှာတော့ ခွင့်ပြုရန်ပုံငွေကျပ် ၃၇ သန်းနဲ့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၉ ကြိမ် ဖွင့်လှစ်ဖို့လျာထားဆောင်ရွက်တဲ့အနက်မှာ ၁၃ ကြိမ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲမှာရှိတဲ့ သင်တန်းကျောင်းအနေနဲ့ကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေကျပ် ၂၄ သန်းနဲ့ ကျေးရွာလေးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေကျပ် ၂၃ သန်းနဲ့ ကျေးရွာငါးရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် လေးသန်းနဲ့ ကျေးရွာနှစ်ရွာမှာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားမြို့နယ်မှာတည်ရှိတဲ့ သင်တန်းကျောင်းအဆောက်အဦများဟာ ဒေသခံများရဲ့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့တာဖြစ်သော်လည်းပဲ တည်နေရာအနေအထားအရ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှုမရှိခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာဆိုရင် ဒေသခံတွေရဲ့ စိတ်ပါဝင်စားမှု၊ ဆန္ဒသဘောထားကလည်း သင်တန်းအစီအစဉ်ရေးဆွဲဖို့အတွက် လိုအပ်ချက်တစ်ခုအဖြစ်ရှိနေတဲ့အနေအထားဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေ ဖွင့်လှစ်ပို့ချနိုင်ဖို့ ခွဲဝေရရှိခဲ့တဲ့ရန်ပုံငွေအပေါ်မှာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဆောင်ရွက်ပေးဖို့ လိုအပ်နေတဲ့ အခြားဒေသခံများအတွက်ကိုလည်း ကျေးရွာအလိုက် အလှည့်ကျဆောင်ရွက်ပေးရလျက်ရှိပါတယ်။

အဲဒီလိုအကြောင်းတရားတွေကြောင့် တံတားမြို့မှာရှိတဲ့ သင်တန်းကျောင်းမှာ စဉ်ဆက်မပြတ်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမရှိတဲ့အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် သင်တန်းအဆောက်အအုံတွေကို အကျိုးရှိစွာအသုံးချပြီး အသက်မွေးဝမ်းကျောင်းပညာများ ယခုထက်ပိုမိုပို့ချနိုင်ဖို့အတွက် တံတားမြို့နယ်ခွဲမှာရှိတဲ့ ဒေသခံများရဲ့ လိုအပ်ချက်၊ သဘောထားဆန္ဒမေးမြန်းရရှိနိုင်ရေးကို စီမံဆောင်ရွက်ပြီး သင်တန်းအစီအစဉ်များရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ လုပ်ငန်း၊ ဌာနများနှင့် အခြားဌာနများအနေနဲ့ ဒေသခံများအတွက် ပညာပေးလုပ်ငန်းတွေ၊ သင်တန်းပို့ချမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဒေသနဲ့နီးကပ်စွာတည်နေရှိနေတဲ့ သီလဝါစီးပွားရေးအထူးဇုန်ကနေ လုပ်ငန်းရှင်များအနေနဲ့ ကျွမ်းကျင်လုပ်သားလိုအပ်ချက်အရ သင်တန်းပို့ချနိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်သွားဖို့လည်း စီစဉ်လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ အဲဒီအစီအစဉ်ကတော့ ဒေသခံများအလုပ်အကိုင်ရရှိရေးအတွက်ကို ရည်ရွယ်ထားခြင်းဖြစ်ပါတယ်။ အဆိုပါစီမံဆောင်ရွက်ချက်တွေက ပို့ချမယ့်သင်တန်းအစီအစဉ်ရေးဆွဲနိုင်မှုအပေါ်မှာမူတည်ပြီး လိုအပ်မယ့်ရန်ပုံငွေကို

တင်ပြ တောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်း အပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖားဆောင်းမြို့နယ် တောင်သူများ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ထွန်ယက်နိုင်ရေးအတွက် မြို့နယ်ပိုင် လယ်ထွန်စက်ကြီးနှစ်စီး၊ လက်တွန်းထွန်စက်လေးစီးနှင့် လယ်စပါးရိတ်သိမ်းခြွေစက်များကို ချပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့မှာ ဖားဆောင်းမဲဆန္ဒနယ်ဒေသခံပြည်သူများရဲ့ စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော စက်ကိရိယာများကို မြို့နယ်ပိုင်အဖြစ် ချပေးရန် အစီအစဉ်ရှိ/မရှိဆိုသည့်မေးခွန်းကို မေးမြန်းသွားမည့် ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ ဖားဆောင်းမြို့နယ်မှာဆိုရင် လူဦးရေစုစုပေါင်း ၂၂၅၂၇ ဦးရှိပြီး မြို့နယ်လူဦးရေဟာဆိုရင် ၃၃၇၆ ဦးနှင့် ကျေးလက်နေလူဦးရေ ၁၉၁၅၁ ဦး ရှိပါတယ်။ အထက်ပါလူဦးရေစာရင်းအရ ကျေးလက်နေလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၈၅ ရာခိုင်နှုန်းရှိတဲ့ အတွက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြလျက်ရှိပါတယ်။ ဖားဆောင်း မြို့နယ်တွင် မြေဧရိယာအားဖြင့် ၄၁၀၃၃၇ ဧကရှိပြီး လက်ရှိအသားတင်စိုက်ပျိုးမြေဟာဆိုရင် ၁၂၅၉၇ ဧကသာရှိပြီး၊ အခြားမြေအဖြစ် ၂၀၁၈၉ ဧကရှိတဲ့အတွက် ၎င်းမြေများကိုလည်း ယခုလက်ရှိ စိုက်ပျိုး မြေထက် တိုးချဲ့ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် စိုက်ပျိုးရေး ကိန်းဂဏန်းအရ မိုးစပါး ၃၁၅၇ ဧက၊ ဆီထွက်သီးနှံ ၄၆၇၇ ဧက၊ ပဲမျိုးစုံ ၄၆၃ ဧက၊ အစေ့ထုတ် ပြောင်းနှင့် ဖူးစားပြောင်း ၄၂၈ ဧက၊ သီးနှံပြောင်း ၁၁၅ ဧက အပါအဝင် ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံ နှင့် ကော်ဖီသီးနှံအပါအဝင် သီးနှံစုစုပေါင်း ၁၆၈၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သို့သော် စိုက်ပျိုးရေး ကဏ္ဍတွင် လက်ရှိလယ်ယာသုံးစက်ကိရိယာသုံးစွဲမှုအခြေအနေမှာ ပုဂ္ဂလိကပိုင်ထွန်စက်နှစ်စီး၊ လက်တွန်းထွန်စက် ၁၄ စီးသာရှိတဲ့အတွက် လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာအသုံးပြုမှု အလွန်နည်းပါးသည့်အပြင် ကျွဲ၊ နွားအသုံးပြုမှုတွင်လည်း ကျွဲ၊ နွားအသုံးပြုမှု ၁၆ ရှဉ်းသာရှိတဲ့ အတွက် ကျေးလက်နေစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သူတွေအတွက် စိုက်ပျိုးမှုလွန်စွာ အားနည်းလျက်ရှိနေသည်ကိုလည်း တွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စိုက်ပျိုးရာသီဖြစ်တဲ့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း၊ ဆောင်းကာလများတွင် စိုက်ပျိုး မြေများထွန်ယက်မှုအတွက် အခြားမြို့နယ်များမှ အငှားလာရောက်ထွန်ယက်တဲ့ ပုဂ္ဂလိကစက်များ၏ တစ်ဧက ထွန်ယက်မှုအတွက် ဈေးနှုန်းများဖြစ်သည့် ထယ်တစ်ဧက ကျပ်၂၅၀၀၀၊ ထွန်တစ်ဧက ကျပ် ၂၀၀၀၀ နှုန်းဖြင့် ငှားရမ်းထွန်ယက်နေရတဲ့အတွက် ဒေသခံတောင်သူများအနေဖြင့် အချိန်မီ ထွန်ယက်

စိုက်ပျိုးနိုင်မှုမရှိခြင်း၊ ထွန်ယက်ခဈေးနှုန်းမြင့်မားတဲ့အတွက် သီးနှံစိုက်ပျိုးမှုများတွင် များစွာအခက်အခဲများကြုံတွေ့နေရပါတယ်။ ၂၀၁၈ ခုနှစ် မိုးဦးစိုက်ပျိုးရာသီတွင် စက်မှုလယ်ယာဦးစီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့မှ လယ်ထွန်စက်ကြီးနှစ်စီးအား ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ကိုင်သူတစ်ဦးမှ ငှားရမ်းသုံးစွဲခဲ့သော်လည်း ကန်ထရိုက်စနစ်ဖြစ်တဲ့အတွက် တောင်သူအများစုမှာ ငှားရမ်းရန် ခက်ခဲခြင်း၊ ငှားရမ်းသူထံမှ ပြင်ပပေါက်ဈေးနှုန်းပေးပြီး ထွန်ယက်ရခြင်းတို့အတွက် ဒေသခံတောင်သူများအတွက် စရိတ်များစွာကြီးမြင့်ခြင်းခံနေရတာကိုလည်း ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ အတည်တကျစိုက်ပျိုးလာစေရေးတို့ကို ရှေးရှုပြီး အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် လိုအပ်သော တောင်သူများထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်စခန်းများဖွင့်လှစ်ထွန်ယက်ခြင်း သို့မဟုတ် မြို့နယ်ပိုင်လယ်ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူသုံးစွဲခွင့်ပြုပါရန်နှင့် မြို့နယ်ပိုင်အဖြစ် ဖားဆောင်းမြို့အတွက် ချပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူရဲ့ ဖားဆောင်းမြို့နယ်အတွင်း လယ်ယာသုံးစက်ကိရိယာများ ဖြည့်ဆည်းနိုင်မှုအစီအစဉ်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှာ စက်မှုလယ်ယာစခန်းတစ်ခုရှိပါတယ်။ ဒီးမော့ဆိုမြို့နယ်မှာ ရှေ့တန်းစခန်းတစ်ခုနှင့် ဘောလခဲမြို့နယ်မှာ ရှေ့တန်းစခန်းတစ်ခုဖွင့်လှစ်ပြီး လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို သတ်မှတ်ဈေးနှုန်းနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွိုင်ကော်မြို့နယ်စက်မှုလယ်ယာစခန်းမှာ ထွန်စက်ကြီးအစီး ၂၀၊ ရိတ်သိမ်းခြွေလှေ့စက် ၁ စီး၊ ဒီးမော့ဆိုမြို့နယ်ရှေ့တန်းစခန်းမှာ ထွန်စက်ကြီး ၁၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ ဘောလခဲမြို့နယ်မှာ နှမ်းသီးနှံထွန်ယက်ရေးရာသီချိန်ရောက်တဲ့အခါမှာ ထွန်ယက်ရေးလိုအပ်မှုအခြေအနေအရ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်မှာလိုအပ်တဲ့ ထွန်စက်ကြီးအရေအတွက်ကိုစေလွှတ်ပြီး ရှေ့တန်းစခန်းဖွင့်လှစ်ပြီး ထွန်ယက်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ထွန်စက်ကြီးနှစ်စီးနဲ့ပတ်သက်ပြီး ဖားဆောင်းမြို့နယ်မှာ ထွန်ယက်ရေးလုပ်ငန်းများရာသီချိန်အမီဆောင်ရွက်နိုင်ဖို့အတွက် အမှတ်(၈၆) စက်မှုလယ်ယာစခန်း (လွိုင်ကော်မြို့)မှ ဌာနပိုင်ထွန်စက်ကြီးနှစ်စီးကိုပေးပို့ပြီး ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းအုပ်စု ကျောက်မဲညိုကျေးရွာတွင်

ရှေ့တန်းစခန်းဖွင့်လှစ်ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစပြီး ထွန်ယက်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။

စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ လတ်တလောအခြေအနေမှာ စပါးရိတ်သိမ်းခြွေလှေ့စက် ဖြည့်တင်းရန် ရန်ပုံငွေလျာထားနိုင်ခြင်းမရှိသေးတဲ့အတွက် ဖားဆောင်းမြို့နယ်အတွက် စပါးရိတ်သိမ်းခြွေလှေ့စက် ခွဲဝေချထားပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ရေးအငှားဝန်ဆောင်မှုလုပ်ငန်းကို ဌာနမှ ဆောင်ရွက်ပေးခြင်းမရှိသော်လည်းဘဲ လက်တွန်းထွန်စက်ဝယ်ယူလိုသည့် တောင်သူများရှိမယ်ဆိုရင် လွိုင်ကော်၊ စက်မှုလယ်ယာစခန်းကနေတစ်ဆင့် လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ သုံးနှစ်၊ လေးရစ် အရစ်ကျစနစ်ဖြင့်လည်းကောင်း ဌာနမှရောင်းချပေးလျက်ရှိပါတယ်။ ထွန်စက်ကြီးနှင့် စပါးရိတ်သိမ်းခြေလှေ့စက်တွေကို ဝယ်ယူလိုတဲ့ တောင်သူများအတွက်ကိုလည်း ဌာနမှ နှစ်နှစ်၊ သုံးရစ် အရစ်ကျဆပ်စနစ်ဖြင့်လည်းကောင်း ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ကနဦး ၁၀ ရာခိုင်နှုန်းပေးသွင်းပြီး သုံးနှစ် ခုနစ်ရစ်အရစ်ကျဆပ်စနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါဝင်တဲ့ လက်တွန်းထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက်များ ချထားပေးရန်ကိစ္စနဲ့ပတ်သက်ပြီး အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်ရေးကိစ္စအတွက်ကိုသာ ဆောင်ရွက်ပေးနိုင်ပြီး၊ ဌာနသတ်မှတ်ဈေးနဲ့ ထွန်ယက်ပေးနိုင်ရေးအတွက် ဌာနပိုင်လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို လတ်တလောအခြေအနေမှာ ခွဲဝေချထားပေးနိုင်ခြင်း မရှိသေးတဲ့အခြေအနေဖြစ်ပါကြောင်းနှင့် ဌာနသတ်မှတ်ဈေးနဲ့ ထွန်ယက်ပေးနိုင်မည့် ထွန်စက်ကြီးနှစ်စီးကိုတော့ ဖာဆောင်းမြို့နယ်မှ စက်မှုလယ်ယာဝန်ဆောင်မှုရှေ့တန်းစခန်းဖွင့်ပြီး ခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအုပ်ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာ၊ နမ့်ဝုန်းချောင်းရေကို လက်လုပ်ဆည်ဖြင့် သွယ်တန်း၍ ဧက ၁၀၀ ခန့်အား ဆည်ရေများပေးနေမည့်အစား ခိုင်ခံ့တောင့်တင်းသော သံကူကွန်ကရစ်မပါ သာမန်ကျောက်စီကွန်ကရစ်ဆည်ကို နမ့်ဝုန်းချောင်းမှ တည်ဆောက်သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံခညောင်းပါစေကြောင်း ရှေးဦးပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဒေသမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားနဲ့ပတ်သက်ပြီး လွှတ်တော်အသံ ပြည်သူ့အသံ ဟူသောဆောင်ပုဒ်နဲ့အညီ မေးခွန်းတစ်ခုအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်ကျေးရွာအုပ်စု ဝမ်ပေါင်ကျေးရွာသည် မိုင်းပျဉ်းမြို့နဲ့ ၁၈ မိုင်ခန့်ကွာဝေးပြီးတော့မှ ရှမ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး အိမ်ခြေအားဖြင့် ၅၀ ခန့်ရှိပါတယ်။ ၎င်းကျေးရွာနေပြည်သူများဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကမှီခိုအားထားကြပြီး စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိလာတဲ့သီးနှံများအားတစ်နှစ်စာစုဆောင်း၍ ဝမ်းစာရေးအတွက် လောက်ငအောင် နေထိုင်စားသုံးခဲ့ကြရပါတယ်။ ဝမ်ပေါင်ကျေးရွာရှိ တောင်သူလယ်သမား ၄၄ ဦးတို့ရဲ့ လယ်ယာမြေများဟာ မိဘဘိုးဘွားအစဉ်အဆက်ပိုင်လုပ်ကိုင်လာခဲ့ကြပြီးတော့မှ လယ်ယာမြေအမွေအနှစ်ကောင်းများလည်း ဖြစ်ကြပါတယ်။ ၎င်းလယ်မြေများကို ခင်တွယ်ထိန်းသိမ်းလုပ်ကိုင်လာခဲ့ကြသော်လည်း ခေတ်မီခိုင်ခံ့ကောင်းမွန်တဲ့ဆည်အဖြစ်အစိုးရအဆက်ဆက်က လုပ်ကိုင်ပေးနိုင်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ စုစုပေါင်းလယ်မြေဧက ၁၀၀ ခန့်အတွက် စပါးစိုက်ပျိုးချိန်အမီ လယ်ရေများသွင်းနိုင်ရန်အတွက် ဒေသထွက် သစ်၊ ဝါးများဖြင့် လက်လုပ်ဆည်များကို တစ်နှစ်လျှင်နှစ်ကြိမ်ခန့် ပြုလုပ်ဖာထေးဆောင်ရွက်ခဲ့ကြရပါတယ်။ သို့ဖြစ်၍ လယ်ရေလုံလောက်မှုမရှိခြင်း၊ လယ်ရေများ အချင်းချင်းလုယူသွယ်တန်းကြရသဖြင့် မလိုလားအပ်တဲ့ပြဿနာများ ပေါ်ပေါက်နိုင်ခြင်း၊ စပါးအထွက်တိုးနည်းပါးသွားခြင်း စတဲ့အခက်အခဲမျိုးစုံကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့အသံကိုနာခံပြီး ကျွန်တော့်အနေဖြင့် တင်ပြမေးမြန်းလိုသည်မှာ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာ၊ နမ့်ဝုန်းချောင်းရေကို လက်လုပ်ဆည်ဖြင့် သွယ်တန်း၍ ဧက ၁၀၀ ခန့်အား ဆည်ရေများပေးနေမည့်အစား ခိုင်ခံ့တောင့်တင်းတဲ့ သံကူကွန်ကရစ်မပါ သာမန်ကျောက်စီကွန်ကရစ်ဆည်ကို နမ့်ဝုန်းချောင်းမှ တည်ဆောက်သွယ်တန်းပေးနိုင်ရေးအတွက် မည်သည့်ကာလမှာ အကောင်အထည်ဖော်ပေးမယ်။ အကောင်အထည်ဖော်ပေးနိုင်ခြင်းမရှိဘူးဆိုလို့ရှိရင် ဘာကြောင့်ဖြစ်တယ်ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာရှိ နမ့်ဝုန်းချောင်းပေါ်မှာ သစ်၊ ဝါးများနဲ့တည်ဆောက်ထားတဲ့ ယာယီရေလွှဲဆည်ဟာ ဒေသနေတောင်သူလယ်သမားတွေရဲ့ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ လက်ရိုက်ရေလွှဲဆည်ဖြစ်ပါတယ်။ မိုးစပါး ဧက ၁၀၀ အတွက် စိုက်ပျိုးရေရယူဆောင်ရွက်နိုင်ပါတယ်။ အဆိုပါလက်ရိုက်ရေလွှဲဆည်ဟာ သစ်၊ ဝါးတွေနဲ့ တည်ဆောက်ထားတဲ့အတွက် မိုးရာသီမှာ ချောင်းရေစီးတိုက်စားပြီး ထိခိုက်ပျက်စီးမှုကြောင့် စိုက်ပျိုးရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိတဲ့အတွက် အခိုင်အမာရေလွှဲဆည်တည်ဆောက်သွားရန် လိုအပ်ချက်ရှိနေပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ သံကူကွန်ကရစ်ရေလွှဲဆည်အဖြစ် အခိုင်အမာတည်ဆောက်ပေးရန်မှာ တည်ဆောက်မှုကုန်ကျစရိတ်များပြားမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ခြေကိုက်နိုင်မှု ပြန်လည်စိစစ်ပြီး တည်ဆောက်မှုကုန်ကျစရိတ်ပိုမိုနည်းပါးပြီး အကျိုးရှိစေမယ့်အမျိုးအစားဖြစ်တဲ့ လက်ရိုက်ကျောက်ဖြည့်ရေလွှဲဆည်အဖြစ်သာ တည်ဆောက်ရန် သင့်လျော်မှုရှိကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။ စိစစ်တွက်ချက်မှုအရ ခန့်မှန်းကုန်ကျငွေဟာ ကျပ် ၄၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်မေးခွန်းပါ ယာယီလက်ရိုက်ရေလွှဲဆည်ကို လက်ရိုက်ကျောက်ဖြည့်ရေလွှဲဆည်အဖြစ် အခိုင်အမာတည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းအစီအစဉ်များပြားမှုရှိတဲ့အလျောက် ယခုလုပ်ငန်းကို လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုနဲ့အညီ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြစ်သားမြို့နယ် စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးရှိ ရွာများအတွက် နောင်တွင် ရေကြီးရေလျှံရေဘေးသင့်မှုမှ ကင်းဝေးစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ နှစ်စဉ်နှစ်တိုင်းရေကြီးရေလျှံဒဏ်ကိုခံစားနေရတဲ့ မြစ်သားမြို့နယ်ရှိရွာများအတွက် မေးခွန်းများမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြစ်သားမြို့နယ်မှာ အဓိကကျတဲ့မြစ်နှစ်စင်းရှိပါတယ်။ အဲဒီမြစ်တွေကတော့ စမုံမြစ်နှင့် ပန်းလောင်မြစ်ပဲ ဖြစ်ပါတယ်။ စမုံမြစ်ရဲ့ ရေဝေရေလဲဧရိယာ၊ ရေစီးဧရိယာဟာ ကျယ်ဝန်းလှပြီးတော့ မြို့နယ်ပေါင်းရှစ်ခုလောက်ပါဝင်ပါတယ်။ ထိုမြို့နယ်များကတော့ ရမည်းသင်းမြို့နယ်၊ သာစည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ ပါဝင်နေပါတယ်။ မိုးတွင်းကာလမှာ ထို Catchment Area က မိုးကျရေများသာမကဘဲနဲ့ ထိုမြို့နယ်မှာရှိတဲ့ကန်တွေ၊ ဆည်တွေကနေပြီးတော့ ရေပိုထုတ်လိုက်တဲ့ရေတွေဟာ စမုံမြစ်ထဲကို ပေါင်းဆုံစီးဆင်းကြသဖြင့် စမုံမြစ်ရေလျှံကာ မြစ်အောက်ပိုင်းတွင်ရှိသော မြစ်သားမြို့နယ်ရှိရွာများ ရေကြီးရေနစ်မြုပ်မှုဒဏ်ကို နှစ်စဉ်ခံစားရပါတယ်။ ဒါ့အပြင် စမုံမြစ်က အကောက်အကွေ့များလှတဲ့အပြင် မြစ်ကြောင်းထိန်းသိမ်းမှု အားနည်းခဲ့တယ်။ မြစ်ကြောင်းများကောလာတဲ့အတွက်ကြောင့်မို့လို့ မိုးရာသီတွင်

ရေသိုလှောင်မှုပမာဏကျဆင်းခဲ့ပြီးတော့ ရေကောင်းစွာမစီးဆင်းနိုင်ဘဲနဲ့ မြစ်ကြောင်းတစ်လျှောက်ရှိ ရွာများ ရေကြီးရေနစ်မြုပ်မှုဒဏ်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာခံစားလာခဲ့ရပါတယ်။ ပန်းလောင်မြစ်ပိုင်းမှာလည်း ကင်းတားရေသောက်စနစ် တစ်စိတ်တစ်ဒေသအပိုင်းမှာတော့ ပြဿနာမရှိပေမဲ့ စမာရေလွှဲဆည်ရဲ့အောက်ပိုင်း ပန်းလောင်မြစ်အပိုင်းမှာတော့ မိုးရာသီရေစွန့်ထုတ်မှုများလာပါက ရေပိုမထိန်းနိုင်တဲ့အတွက် မြစ်သားမြို့ပေါ်ရှိ ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာတို့ နှစ်စဉ်ရေကြီးရေနစ်မြုပ်မှုဒဏ်ကို ခံခဲ့ရပါတယ်။ ကျွန်တော်တို့မြစ်သားမြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေနစ်မြုပ်မှုဒဏ်ခံရတဲ့ရွာများကတော့ လောင်းတော်ဦးကျေးရွာ၊ နွားကူးလေးကျေးရွာ၊ နွားဖြူငယ်ကျေးရွာ၊ တမာပင်ကျေးရွာ၊ အင်းစိန်ကျေးရွာ၊ ပေါက်မြိုင်ကျေးရွာ၊ အင်းယင်းကျေးရွာ၊ ဆင်ကြုံကျေးရွာ၊ ယွေးကျေးရွာနှင့် ဘူတာရပ်ကွက်တို့က တစ်နှစ်မှာတစ်ခါ၊ တချို့ကံဆိုးတဲ့နှစ်တွေမှာဆိုတစ်နှစ်ကို နှစ်ကြိမ်လောက် ရေကြီးရေလျှံမှုဒဏ်ကို ခံရပါတယ်။ ရေကြီးတဲ့အခါမှာလည်း ရွာထဲမှာဆိုလို့ရှိရင် လူတစ်ရပ်မက လမ်းတွေပေါ်မှာ ရေနစ်မြုပ်မှုဒဏ်ခံရသော ဒီရွာသူရွာသားများဟာ နဂိုကဆင်းရဲတဲ့အထဲ တစ်နှစ်ကို ရေနှစ်ကြိမ်လောက်ကြီးတော့ ဘယ်လိုမှ နာလန်မထူနိုင်လောက်အောင် ဖြစ်နေကြရပါ တယ်။

အဆိုပါရေကြီးရေလျှံမှုဒုက္ခများကင်းဝေးအောင် ကာကွယ်နိုင်အောင်ဆောင်ရွက်မယ်ဆိုပါကလည်း မြို့နယ်တစ်ခုတည်း၊ ဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်၍ ရနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ မယူဆပါဘူး။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဆင်းဧရိယာတွင်ပါဝင်သော အထက်ပါ ရှစ်မြို့နယ်ရှိဆည်များ၊ ကန်များရဲ့ရေအခြေအနေကို မျက်ခြေမပြတ် ကြည့်ရှုကွပ်ကဲပြီး အဆိုပါမြို့နယ်များရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ကို ပူးပေါင်းကာ စနစ်တကျဟန်ချက်ညီညီ ပြင်ဆင်ကာကွယ်မှသာရမယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ဒါ့အပြင် ရေကြီးရေလျှံမှုဒဏ်ကျရောက်လာပါကလည်း ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ ရွာသူရွာသားများ ညီညီညာညာနဲ့ လျင်မြန်စွာ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးစေလိုတဲ့အတွက် ပြည်သူ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံရေဘေးသင့်ဒဏ်ကို ခံစားနေရသော မြစ်သားမြို့နယ် စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးရှိရွာများအတွက် နောင်တွင် ရေကြီးရေလျှံရေဘေးသင့်မှုမှ ကင်းဝေးစေရန် မည်သို့စီမံဆောင်ရွက်ပေးပါမည်နည်း။ (၂) အဆိုပါရွာများ ရေကြီးရေလျှံရေဘေးသင့်မှုဖြစ်ပေါ်ပါကလည်း မည်သို့ကူညီထောက်ပံ့ဆောင်ရွက်ပေးပါမည်နည်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ ပြည်သူ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့

မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းမှာရှိတဲ့ စမုံမြစ်သည် ရေဆင်းဧရိယာကြီးမားကျယ်ပြန့်ပြီး အလျား ၁၀၆ မိုင်ကျော် ရှည်လျားပါတယ်။ ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာအနီးမှာပန်းလောင်မြစ်အတွင်းကို စီးဝင်ပြီး မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)နှင့် ဆက်လက်ပေါင်းဆုံကာ ဧရာဝတီမြစ်ထဲကို စီးဝင်လျက်ရှိပါတယ်။ စမုံမြစ်ရဲ့ရေဆင်းဧရိယာအတွင်း စီးဝင်ရေတွေကို လိုအပ်သလိုထိန်းညှိသိုလှောင်ပြီး စိုက်ပျိုးရေ၊ သောက်သုံးရေပေးဝေနိုင်ဖို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ဒေသအတွင်းမှာ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံ၊ ဆည်/ကန် ၁၆ ခုရှိပါတယ်။ စမုံမြစ်မှ နှစ်စဉ်ပျမ်းမျှစီးဝင်ရေပမာဏရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို ထိန်းညှိသိုလှောင်ပေးနိုင်အောင် ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အဲဒီလို စမုံမြစ်ရဲ့စီးဝင်ရေတွေကို ထိန်းညှိသိုလှောင်ပေးလျက်ရှိသော်လည်းပဲ မိုးရာသီကာလမှာ ပိုလျှံတဲ့စီးဝင်ရေတွေဟာ ပန်းလောင်မြစ်၊ မြစ်ငယ်မြစ်နှင့်ဧရာဝတီမြစ်တို့ရဲ့မြစ်ရေများ မြင့်တက်ချိန်မှာ ရေထောက်ပြီး ကောင်းစွာစီးထွက်နိုင်မှုမရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ စမုံမြစ်မှာ သဲနုန်းတွေပို့ချ တိမ်ကောပြီး ရေစီးကြောင်းကောက်ကွေ့လျက်ရှိတဲ့အတွက်လည်းကောင်း စမုံမြစ်ကမ်းဘေးတစ်လျှောက်ရှိဒေသများ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေရခြင်းအခြေအနေဖြစ်ပါတယ်။

ဆက်လက်ပြီး ပန်းလောင်မြစ်ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပါမယ်။ ပန်းလောင်မြစ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကနေ မြစ်ဖျားခံစီးဆင်းလာပြီး စုစုပေါင်းအလျားမိုင် ၁၂၀ ခန့်ရှည်လျားမှုနှင့်အတူ ရေဆင်းဧရိယာကြီးမားကျယ်ပြန့်ပါတယ်။ ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာရဲ့အောက်ဘက်မိုင် ၂၀ ခန့်အကွာမှာ မြစ်ငယ်မြစ်နှင့်ပေါင်းပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိပါတယ်။ ပန်းလောင်မြစ်ရဲ့ရေဆင်းဧရိယာအတွင်း စီးဝင်ရေတွေကိုလိုအပ်သလို ထိန်းညှိသိုလှောင်ပြီး စိုက်ပျိုးရေပေးဝေနိုင်ဖို့အတွက် ပန်းလောင်မြစ်ပေါ်မှာ ကင်းတားရေလှောင်တမံနှင့် ရေလွှဲဆည်သုံးခုကို တည်ဆောက်ထိန်းသိမ်းထားပါတယ်။ မိုးရာသီကာလမှာကင်းတားရေလှောင်တမံရဲ့အထက်ဘက်က စီးဝင်ရေတွေကို ထိန်းညှိသိုလှောင်ပေးနိုင်သော်လည်းပဲ တမံအောက်ဘက် ရေဆင်းဧရိယာအတွင်း အရှေ့ဘက်ရှမ်းကုန်းမြေမြင့်မှ စီးဝင်တဲ့ရေတွေဟာမြစ်ငယ်မြစ်နှင့် ဧရာဝတီမြစ်ရဲ့မြစ်ရေတွေ မြင့်တက်နေချိန်မှာ ရေထောက်ပြီး ကောင်းစွာစီးထွက်နိုင်မှုမရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ ပန်းလောင်မြစ်မှာ သဲနုန်းတွေပို့ချ၍ တိမ်ကောနေခြင်းကြောင့်လည်းကောင်း ပန်းလောင်မြစ်ကမ်းဘေးမှာရှိတဲ့ မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်နှင့် ယွေး၊ ကျွန်းလှ၊ ကျွဲဆွဲကျေးရွာ ဒီကျေးရွာတွေမှာ ရေကြီးရေလျှံမှုဒဏ်ခံနေရမှုအပြင် စဉ့်ကိုင်မြို့နယ်အတွင်းမှာရှိတဲ့အုန်းလက်ကောက်၊ ဝန်ပတေ့ကျေးရွာများ၊ တံတားဦးမြို့နယ်မှာရှိတဲ့ အုတ်ကျွတ်ဖိုလ်ကျေးရွာများဟာလည်း ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ စမုံမြစ်ဘေးမှကျေးရွာများ ရေကြီးနစ်မြုပ်မှု လျော့ပါး

သက်သာဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မောင်းတိုင်ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပန်းလောင်မြစ်ရေကြီးရေလျှံမှု လျော့ပါးဖို့ အတွက် မြစ်သားမြို့နယ်အတွင်းမှာရှိတဲ့ ပေါက်ချောင်းသဲထုတ်ရေတံခါးအထက်ဘက်မှာ သဲသောင်ခုံ များ တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မြစ်သားမြို့နယ်၊ မြင်းရွာကြီးရွာ အောက်ဘက်မှာ ပန်းလောင်မြစ်ကမ်းပြိုမှုထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ကမ်းထိန်းတန်း အလျားပေ ၁၀၀ ခန့်ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေနဲ့လည်း ပန်းလောင်မြစ်ကမ်းပြိုမှုကာကွယ်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စဉ့်ကိုင်မြို့နယ်၊ အုန်းလက်ကောက်ကျေးရွာမှာ Steel Basket အခြေပြုကျောက်စီတမံအလျား ၄၂၀ ပေကိုလည်းကောင်း၊ ဝန်ပတေ့ကျေးရွာမှာ Steel Basket အခြေပြုကျောက်စီတမံအလျား ၄၇၅ ပေကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွေမှာ တံတားဦးမြို့နယ်၊ အုတ်ကျွတ်ဖိုလ်ကျေးရွာမှာ Steel Basket အခြေပြု ကျောက်စီတမံအလျားပေ ၅၀၀ နှင့် Bored Pile အခြေပြုကျောက်စီတမံအလျားပေ ၄၃၀ ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မြစ်သားမြို့နယ် စမုံမြစ်နှင့်ပန်းလောင်မြစ်ဘေးမှာရှိတဲ့ ကျေးရွာများ နောင်မှာ ရေကြီးရေလျှံမှု၊ ရေဘေးသင့်မှုမှ ကင်းဝေးစေရေးနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ယင်းမြစ်တွေကို လုံလောက်တဲ့ မြစ်အကျယ်နှင့်အနက်ရရှိရေး ဆောင်ရွက်ဖို့၊ လိုအပ်တဲ့နေရာတွေမှာ မြစ်ကွေးဖြတ်ဖောက်ခြင်းများ ဆောင်ရွက်ဖို့၊ လိုအပ်တဲ့ နေရာတွေမှာ တာပေါင်(Dyke)များဆောင်ရွက်ဖို့နဲ့ ကမ်းပြိုမှုမဖြစ်ပေါ်စေဖို့အတွက် မြစ်ကွေးများ၏ အပြင်ဘက်(Outer Bend)မှာ ကမ်းထိန်းတမံများ တည်ဆောက်ရန်စတဲ့လုပ်ငန်းတွေကို ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်။ ယင်းလုပ်ငန်းတွေအတွက် အသေးစိတ်လေ့လာမှုလုပ်ငန်းနဲ့ တိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သိရှိရပါတယ်။ ဒီလို မြစ်ကြောင်းပြုပြင်ခြင်း၊ ဖြတ်ဖောက်ခြင်းများစပ်လျဉ်းပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ကလည်း မြေယာ လျော်ကြေးကိစ္စတွေ၊ မြို့ရွာများနှင့် ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စများ ရှိလာမှာဖြစ်တဲ့အတွက်ကြောင့် မို့လို့ အသေးစိတ်စူးစမ်းလေ့လာမှုလုပ်ငန်းများကို ဆောင်ရွက်သင့်ကြောင်းကိုလည်း သုံးသပ်ဖြေကြား ထားပါတယ်။ အထက်ဖော်ပြပါလုပ်ငန်းစဉ်များဟာ ကြီးမားကျယ်ပြန့်ပါတယ်။ ဘက်ပေါင်းစုံက သုံးသပ်ပြီး အဆင့်လိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကနဦးစူးစမ်းမှုဖြစ်တဲ့ မြေယာလျော်ကြေးနှင့် ဒေသခံပြည်သူတွေရဲ့သဘောဆန္ဒကောက်ယူခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်စီမံမှုနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ပူးပေါင်းပြီး ယခု ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီမှာ ဆောင်ရွက်သွား နိုင်ရေးညှိနှိုင်းစီမံထား ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရရှိလာတဲ့ ကနဦးစူးစမ်းလေ့လာမှုအပေါ်မှာအခြေခံပြီး အသေးစိတ်လေ့လာတွက်ချက်မှုများအရ လိုအပ်တဲ့ရန်ပုံငွေကို တင်ပြတောင်းခံပြီး အကောင်းအထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်ကျရောက်မယ်ဆိုရင် ကူညီဆောင်ရွက်မှုများ လျင်မြန်စွာပြုလုပ်စေလိုမှုနဲ့စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးမှုများအတွက် လတ်တလောအထောက်အပံ့ဖြစ်စေမည့်ပစ္စည်းတွေကို အနည်းဆုံးပစ္စည်းလေးမျိုးမှ ၂၂ မျိုးအထိ ထောက်ပံ့ပေးပါတယ်။ နေအိမ်ပျက်စီးမှု၊ ဘာသာရေးအဆောက်အဦပျက်စီးမှုများ၊ စားနပ်ရိက္ခာနှင့် ရိက္ခာဖိုးငွေများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မြေပြို၊ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ရတဲ့နေအိမ်တွေအတွက် ပြောင်းရွှေ့စရိတ်အဖြစ် ငွေကျပ်တစ်သိန်းနှုန်းထောက်ပံ့ပေးခြင်းကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မိုးရာသီအတွင်း မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အပါအဝင် မြို့နယ်ကိုးမြို့နယ် ရေဘေးသင့်အိမ်ထောင်စု ၅၉၅၅ စုအတွက် အရေးပေါ်အစားအစာ၊ ရိက္ခာနှင့် ငွေသားထောက်ပံ့ငွေ စုစုပေါင်း တန်ဖိုးကျပ် ၇၀၁ သိန်းခန့် ထောက်ပံ့ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် သဘာဝဘေးဒဏ်မှ ကြံ့ကြံ့ခံနိုင်ပြီး ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားတဲ့ ပြည်သူတွေဖြစ်ဖို့အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းများလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ အသိပညာပေးဆွေးနွေးပွဲများနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများပြုလုပ်ပေးခြင်းကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ရေကြီးရေလျှံမှုဒဏ်ခံစားရတဲ့ ပြည်သူများအတွက် ဖြစ်စဉ်ဖြစ်ပေါ်တဲ့အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီရေးအစီအစဉ်များ ဆောင်ရွက်ပေးမှုနှင့်အတူ ရေဘေးသင့်ကာလကြာမြင့်လို့ နေရာရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာတဲ့ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများအပေါ်လည်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လူမှုစီးပွားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စာချုပ်စာတမ်းမှတ်ပုံတင်ရာတွင် သဘောသဘာဝချင်းကွဲပြားသည့် ရောင်းခွန်ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့ကို သီးခြားစီပေးဆောင်စေရန် ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိနှင့် မှတ်ပုံတင်ကြေးပေးသွင်းရန်နှင့် ကျသင့်တံဆိပ်ခေါင်းတန်ဖိုးသတ်မှတ်ရာတွင် အခြေခံထားတွက်ချက်ရန် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း စိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့်စံတန်ဖိုး(Guidance Value)နှင့် တွက်ချက်နည်းစနစ်များကို စာချုပ်စာတမ်းမှတ်ပုံတင်မည့်ပြည်သူများ သိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်

မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ စာချုပ်စာတမ်းမှတ်ပုံတင်ရာမှာ သဘောသဘာဝချင်းကွဲပြားတဲ့ ရောင်းခွန်ဝယ်ခွန် တံဆိပ်ခေါင်းခွန်များထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့ကို သီးခြားစီပေးဆောင်စေရန် ပြင်ဆင်ပေးနိုင်ခြင်း၊ မှတ်ပုံတင်ကြေးပေးသွင်းရာမှာ အခြေခံတွက်ချက်တဲ့၊ စာချုပ်စာတမ်း စိစစ်ရေးအဖွဲ့ကချမှတ်တဲ့စံတန်ဖိုး(Guidance Value) တွက်ချက်ပုံတို့ကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးဖို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး မေးမြန်းလိုတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပုဒ်မ ၁၇ အရ အခုနောက်ပိုင်းပြင်ဆင်တဲ့ ၂၀၁၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အရ မှတ်ပုံမတင်မနေရစာချုပ်စာတမ်းတွေကို သတ်မှတ်ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒီစာချုပ်စာတမ်းမှတ်ပုံတင်ခြင်းရဲ့ ပကတိမူလရည်ရွယ်ချက်ကတော့ ပြည်သူတွေကြားမှာ အရောင်းအဝယ်တွေလုပ်ကြတယ်။ လွှဲပြောင်းမှုတွေလုပ်ကြတယ်။ အဲဒီမှာ စာချုပ်တွေချုပ်ကြတယ်။ အဲဒီစာချုပ်တွေကို ခိုင်မာမှုရှိပြီးတော့မှ စနစ်တကျစီမံခန့်ခွဲပြီးတော့မှ ပြည်သူတွေကို အကာအကွယ်ပေးနိုင်ဖို့ဖြစ်ပါတယ်။ စနစ်တကျမှတ်ပုံတင်ထားမှသာ ပိုင်ဆိုင်မှုလွှဲပြောင်းမှုများအတွက် တရားဝင်ခိုင်ခိုင်မာမာ အရေးဆိုနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြေကွက်တစ်ကွက်ဝယ်ထားသူတစ်ယောက်က မိမိဝယ်ထားတဲ့အရောင်း အဝယ်စာချုပ်ကိုမှတ်ပုံတင်ထားမှသာ တရားဝင်ပိုင်ဆိုင်မှု လွှဲပြောင်းရယူထားတဲ့အနေအထားရှိမှာဖြစ်ပြီးတော့မှ အဲဒီမြေကွက်ကို မိမိအမည်ပေါက် ပြန်လည်လွှဲပြောင်းလို့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တရားရုံး မှာ ပိုင်ဆိုင်ကြောင်း သက်သေခံတင်သွင်းခွင့်စတဲ့အခွင့်အရေးတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ နှစ်ဦး သဘောတူလက်မှတ်ရေးထိုးထားတဲ့ အရပ်စာချုပ်နဲ့ပဲဆိုရင်တော့ အဲဒီအခွင့်အရေးတွေမရနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူအများစုကတော့ ပိုင်ဆိုင်မှုကို လွှဲပြောင်းကြရာမှာ ခုနကပြောတဲ့ အရပ်စာချုပ်တွေ Special Power, General Power တွေနဲ့ပဲလုပ်ကြတာများပါတယ်။ အကြောင်းကတော့ စာချုပ်စာတမ်းကိုလုပ်ဆောင်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုအားနည်းပြီး ငွေကုန်ကြေးကျများတယ်။ နောက်တစ်ချက်က စာချုပ်စာတမ်းမှတ်ပုံတင်မယ်ဆိုရင် အခွန်တံဆိပ်ခေါင်းဆောင်ရတယ်။ အခွန်တံဆိပ်ခေါင်းဆောင်ရတဲ့အခါမှာလည်း မှတ်ပုံတင်ရုံးမှာတင်ရတယ်။ သို့သော်လည်းပဲ အခွန်တံဆိပ်ခေါင်းကိုကျတော့ အခွန်ရုံးကနေလုပ်ပါတယ်။ အဲဒီတော့ သူ့ရဲ့တန်ဖိုးကို သတ်မှတ်တဲ့နေရာမှာ ကျွန်တော်တို့က တကယ့်တကယ်မှာကတော့ ငါးဦးကော်မတီဖွဲ့ပြီးတော့မှ ဒီမြေကွက်ရဲ့ တန်ဖိုးက ဘယ်လောက်ရှိတယ်ဆိုတာကို ငါးဦးကော်မတီကနေဆုံးဖြတ်တယ်။ အဲဒီဟာကိုမှ အခွန်ဦးစီးမှူးကနေ အခွန်တံဆိပ်ခေါင်းရောင်းပေးရတယ်။ တကယ့်အပြင်မှာ လက်တွေ့ဖြစ်နေတာကတော့ ဒီတံဆိပ်ခေါင်းတွေ မြေကွက်ရဲ့တန်ဖိုးကို အခွန်ဦးစီးမှူးတစ်ဦးကပဲ သူ့ဆုံးဖြတ်ချက်နဲ့သူဆုံးဖြတ်ပြီးတော့မှ အဲဒီအခွန် တံဆိပ်ခေါင်းကို သူကိုယ်တိုင်ပဲ ပြန်လည်ရောင်းချပေးတယ်။ အဲဒီတံဆိပ်ခေါင်းရောင်းချပြီးမှသာလျှင် သူကနေပြီးမှ ခုနမှတ်ပုံတင်ဦးစီးဌာနကဦးစီးမှူးကို ပြန်အကြောင်းကြားပြီးတော့မှ မှတ်ပုံတင်ပေးလို့ရပြီလို့ပြန်ပြောတယ်။ တကယ်တမ်းကျတော့ စာချုပ်စာတမ်းမှတ်ပုံတင်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်သူတွေကိုအကာအကွယ်ပေးဖို့။ သို့သော်လည်းပဲ ဒီဘက်က

ထိုက်သင့်တဲ့အခွန်ဆောင်ပြီးမှ လိုအပ်တာကို ပြည့်မီအောင်ဆောင်ရွက်ပြီးမှသာလျှင် ပြည်သူတွေကို အကာအကွယ်ပေးမယ်ဆိုတဲ့ အနေအထားမျိုးဖြစ်နေတယ်။ တကယ်တမ်းကတော့ အခွန်ဆောင်တာက အခွန်ကောက်ဖို့က အခွန်ဦးစီးဌာနက သီးခြားဆောင်ရွက်ရမှာဖြစ်သလို တစ်ဖက်က မှတ်ပုံတင်တာကလည်း ပြည်သူတွေအကာအကွယ်ပေးရမှာက မှတ်ပုံတင်ရုံးက သီးခြားဆောင်ရွက်ရမယ့်ကိစ္စမျိုးဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်နှစ်ခုကို သဘောသဘာဝချင်းမတူတဲ့နှစ်ခုကို တွဲလုပ်ထားတဲ့အခါမှာ ပြည်သူတွေမှာ အခက်အခဲဖြစ်ပါတယ်။ အခက်အခဲဖြစ်တဲ့အတွက် ကျွန်တော်တို့ တော်ရုံတန်ရုံ မှတ်ပုံမတင်တော့ဘူး။ Special Power၊ General Power နဲ့လုပ်ကြရတယ်။ အဲဒီအခါမှာ ဘာဖြစ်လဲဆိုတော့ Special Power နဲ့သာပိုင်ဆိုင်မှုရရှိထားသူတစ်ဦးထံမှ ဝယ်ယူသူတစ်ဦးက မိမိအမည်ပေါက်လျှောက်ထားလိုတဲ့အခါ မိမိကိုရောင်းချလိုက်သူထံတာဝန်ယူမှုမရရှိနိုင်ဘဲ မူလပိုင်ရှင်ရဲ့တရားဝင်လွှဲပြောင်းမှုကို ပြန်လည်တောင်းခံရပါတယ်။ Special Power နဲ့ပေးထားတဲ့ဟာတစ်ခုက တရားဝင်ပိုင်ဆိုင်မှုကို လွှဲပြောင်းလို့မရဘူးဖြစ်ပါတယ်။ အဲဒီအတွက်ကို မူလပိုင်ရှင်ထံက ပိုင်ဆိုင်မှုကို ပြန်လည်ပြီးတော့မှ Confirm ပြန်လုပ်ရပါတယ်။ အဲဒီအခါမှာ မူလပိုင်ရှင်က မရှိတော့ဘူး။ ဒါမှမဟုတ်ရင်လည်း ဆုံးပါးသွားပြီ။ ဒါမှမဟုတ်ရင်လည်း သူကနေပြီးတော့မှ တစ်ခုခုပြန်လည်တောင်းဆိုတယ်ဆိုလို့ရှိရင် လက်ရှိ အခုဝယ်ယူတဲ့ပုဂ္ဂိုလ်က အများကြီးနစ်နာပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ပြည်သူတွေကြားထဲမှာ မှတ်ပုံတင်တဲ့ကိစ္စအလွယ်တကူဖြစ်ဖို့အတွက်ကို များစွာလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာကတော့ စာချုပ်စာတမ်းမှတ်ပုံတင်ရာမှာ သဘောသဘာဝချင်းကွဲပြားတဲ့ ရောင်းကုန်ဝယ်ကုန်များထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့ကို သီးခြားဆောင်ရွက်ပေးဖို့ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မှတ်ပုံတင်ကြေးပေးသွင်းရန်နှင့် ကျသင့်အခွန်တံဆိပ်ခေါင်းသတ်မှတ်ရာတွင် အခြေခံထားတွက်ချက်ရန် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းစိစစ်ရေးအဖွဲ့က သတ်မှတ်ထားတဲ့စံတန်ဖိုး(Guidance Value)နှင့် တွက်ချက်နည်းစနစ်များကို စာချုပ်စာတမ်း မှတ်ပုံတင်တဲ့ပြည်သူများ သိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့ မေးခွန်းအပေါ် ဆက်လက်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ၊ ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေများနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ယခင်အမည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေလွှဲပြောင်းခြင်းနှင့်ပတ်သက်တဲ့ စာချုပ်စာတမ်းများကို မှတ်ပုံတင်တဲ့အခါမှာ စာချုပ်စာတမ်းများအပေါ် ထိုက်သင့်တဲ့တံဆိပ်ခေါင်းခွန်နှင့် ဝင်ငွေခွန်

ထမ်း ဆောင်ခြင်းအတွက် တန်ဖိုးစိစစ်သတ်မှတ်ပေးနိုင်ဖို့ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ၂၀-၄-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၄၀/၂၀၁၇ နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေ လွှဲပြောင်းစာချုပ်မှာ ကျသင့်တဲ့တံဆိပ်ခေါင်းတန်ဖိုး သတ်မှတ်ဖို့ အခြေခံထားတွက်ချက်တဲ့စံတန်ဖိုး(Guidance Value) နှင့် တွက်ချက်နည်းစနစ်တွေဟာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်-၄၀/၂၀၁၇ ဖြင့်ဖွဲ့စည်းထားတဲ့ ပြည်တွင်းအခွန်များဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က ဆောင်ရွက်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့အနေနဲ့ သတ်မှတ်တဲ့တန်ဖိုးအပေါ်မှာ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တွေကို သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အပြေအကြေပေးဆောင်စေပြီးမှသာ တံဆိပ်ခေါင်းများ ရောင်းချပေးပြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက စာချုပ်စာတမ်းမှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးပါတယ်။ စာချုပ်စာတမ်းမှတ်ပုံတင် လုပ်ငန်းဆောင်ရွက်ရာမှာ မှတ်ပုံတင်သွင်းလာတဲ့စာချုပ်တွေဟာ စာချုပ်အမျိုးအစားအလိုက်၊ တန်ဖိုးအလိုက် တံဆိပ်ခေါင်းလုံလောက်စွာကပ်ထားခြင်းရှိ/မရှိ သို့မဟုတ် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ရရှိထားမှုရှိ/မရှိတို့ကို စာချုပ်စာတမ်းများ မှတ်ပုံတင်နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၂ အရ စိစစ်ပြီးမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့်အညီ လက်ခံမှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရာမှာ ကျသင့်တဲ့ မှတ်ပုံတင်ခနှုန်းထားများကို ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၇၈ အရစာချုပ်စာတမ်းအမျိုးအစားအလိုက်သတ်မှတ် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ယင်းနှုန်းထားများကိုလည်း ပြည်သူများသိသာမြင်လွယ်အောင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများမှာ ကြော်ငြာထားဖို့ ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာဖော်ပြပါရှိတဲ့ ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်ပြီး ပဋိညာဉ်အက်ဥပဒေပုဒ်မ-၁၈၂ ပါပြဋ္ဌာန်းချက်တွေအရ သူတစ်ပါးအတွက် ကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်ဖို့ လွှဲအပ်ခြင်းခံရသူ သို့မဟုတ် ခိုင်းစေတာဝန်ပေးအပ်ခြင်းခံရသူကိုလည်းကောင်း၊ အခြားသူတို့နှင့် အမှုကိစ္စဆောင်ရွက်ရာမှာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် ၎င်းရဲ့ကိုယ်စားပြုလုပ်ဆောင်ရွက်သူကိုလည်းကောင်း၊ ကိုယ်စားလှယ်ဟုခေါ်ပါတယ်။ အဲဒီလို ကိုယ်စားတာဝန်လွှဲပေးရခြင်းဟာ ကိုယ်စားလှယ်လွှဲအပ်ခြင်းသာဖြစ်ပြီး၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းကို General Power သို့မဟုတ် Special Power များနဲ့ လွှဲအပ်ပေးခြင်းဖြစ်ပါတယ်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၄ အပိုဒ် ၂ အရ ငွေတစ်သိန်းကျပ်နှင့်အထက် တန်ဖိုးရှိတဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို လွှဲပြောင်းရောင်းချရာမှာ မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြုလုပ်ရမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်လွှဲစာရရှိသူတွေဟာ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ကြဖို့လိုအပ်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်လွှဲအပ်ခြင်းဟာ ပစ္စည်းလွှဲပြောင်းရောင်းချခြင်း မဟုတ်ဘဲ မိမိရဲ့လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို မိမိကိုယ်စားအခြားသူတစ်ဦးဦးက ဆောင်ရွက်နိုင်ဖို့အတွက် ကိုယ်စားတာဝန်ပေးအပ်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် General Power၊ Special

Power အရပ်ကတိစာချုပ်တွေအနေနဲ့ အဆင့်ဆင့်လွှဲပြောင်းရောင်းချ၊ ဝယ်ယူနေကြသူများအနေနဲ့ ပိုင်ဆိုင်မှုလွှဲပြောင်းကြရာမှာ တည်ဆဲဥပဒေများနှင့်ညီညွတ်စွာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီး စာချုပ်စာတမ်းများမှတ်ပုံတင်ရာမှာ သဘောသဘာဝချင်းကွဲပြားတဲ့ ရောင်းခွန်ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့်မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့ဟာ သဘောသဘာဝမတူသော်လည်းပဲ လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုများရှိနေတဲ့အတွက်ကြောင့် သီးခြားစီဆောင်ရွက်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**စိုက်ပျိုးရေးကိရိယာများ အပြည့်အဝမတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိန်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အဆိုက စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသိုတင်ပို့ရောင်းချနေခြင်း အပေါ် ကန့်သတ်တားမြစ်ပေးပါရန်၊ လိုအပ်သလိုဖြေရှင်းကူညီထောက်ပံ့ပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို အရေးကြီးအဆိုအဖြစ် တင်သွင်းခွင့်မရသော်လည်း သာမန်အဆိုအဖြစ် ခွင့်ပြုပေးတဲ့အတွက် ဥက္ကဋ္ဌကြီးကို ကျေးဇူးအထူးတင်ရှိပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံသည့် လူဦးရေ ၇၀ ရာခိုင်နှုန်း ၃၅ သန်းခန့် မှီခိုဆောင်ရွက်နေရသော လုပ်ငန်းကြီးဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်၊ ရေကြီးနစ်မြုပ်မှုကြောင့်၊ အချိန်မီထွန်ရေး၊ ထယ်ရေး မဆောင်ရွက်နိုင်သည့်အတွက် သီးနှံစိုက်ပျိုးရေးအခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရပြီး စိုက်ဧကများ လျော့နည်းခြင်း၊ အထွက်နှုန်းများကျဆင်းခြင်း၊ သီးနှံပျက်စီးခြင်းများ နှစ်စဉ်များပြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးရဲ့အဓိကသည် အချိန်ဖြစ်ပါတယ်။ အချိန်မီဆောင်ရွက်ရတဲ့လုပ်ငန်း၊ အချိန်ကိုက်ဆောင်ရွက်ရတဲ့လုပ်ငန်း၊ ကြိုတင်အချိန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းစုစုပေါင်း အချိန်အမျိုးအစားလေးမျိုးနဲ့ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းစဉ်တိုင်းမှာ

အချိန်သည်အထူးအရေးကြီးသည်နှင့်အမျှ ကြိုတင်အချိန်ယူထွန်ယက်စိုက်ပျိုးနိုင်မှသာ အချိန်ကိုက် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ အချိန်ကိုက်စိုက်ပျိုးနိုင်မှသာ စိုက်ပျိုးရေးလုပ်ငန်းစဉ်များ အချိန်မီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းစဉ်များအချိန်မီဆောင်ရွက်နိုင်မှသာ အချိန်မှန်အောင်မြင်စွာ ပြီးစီးနိုင်ပြီး သီးနှံအထွက်နှုန်းအရည်အသွေးများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါတယ်။

မြေပြုပြင်ထွန်ယက်ခြင်းကို မြန်မာနိုင်ငံမှာလက်ရှိအခြေအနေအရ ခိုင်းကျွဲ၊ ခိုင်းနွားများဖြင့် လည်းကောင်း၊ ထွန်စက်ကြီး၊ ထွန်စက်လတ်၊ ထွန်စက်ငယ်များဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများဖြင့် ထွန်ယက်စိုက်ပျိုးမှုနှင့် ထွန်စက်များဖြင့် စိုက်ပျိုးမှုမှာ အကြမ်းအားဖြင့် ရွာတစ်ရွာလျှင် အချိုးအားဖြင့် ၂၅း၁ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ တစ်နည်းအားဖြင့် ၂၆ ဦးလျှင် ၂၅ ဦးက ခိုင်းကျွဲ၊ ခိုင်းနွားများဖြင့် ထွန်ယက်ပြီး ၂၆ ဦးလျှင် တစ်ဦးက ထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း အကြမ်းအားဖြင့် လေ့လာတွေ့ရှိရ ပါတယ်။ ယခုအခါ ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ယိုးဒယားနိုင်ငံသို့ မြောက်မြားစွာ အရပ်လေးဘက်နေ့ညမပြတ် တင်ပို့ရောင်းချနေကြောင်းတွေ့မြင်နေ ရပါတယ်။ ဤသို့ ခိုင်းကျွဲ၊ ခိုင်းနွားများ ကြွေးပူပေးဆပ်ရန်နှင့် စိုက်ပျိုးရေးစရိတ်ထိုးရန် ခိုင်းကျွဲ၊ ခိုင်းနွားများရောင်းချခြင်းကြောင့် တောင်သူအများစုမှာ ကြိုတင်အချိန်ကိုက်ထွန်ယက်မှုအခက်အခဲ ရှိနေကြောင်း၊ ထွန်စက်များငှားရမ်းခြင်းမှာလည်း ခက်ခဲလျက်ရှိနေကြောင်း၊ အစိုးရဌာနမှာလည်း ထွန်စက်ငှားရမ်းမှုနည်းပါးလျက်ရှိကြောင်း၊ အထူးသဖြင့် ရေကြီးနစ်မြုပ်သော အချို့နေရာများတွင် ခိုင်းကျွဲ၊ ခိုင်းနွားများဖြင့် ထွန်ယက်နိုင်သော်လည်း ခိုင်းကျွဲ၊ ခိုင်းနွားများ ရောင်းချလိုက်ခြင်းကြောင့် အချိန်မီထွန်ရေး၊ ထယ်ရေးမဝင်နိုင်ကြောင်း၊ မပြီးစီးနိုင်ကြောင်းသိရှိရပါတယ်။

မြေယာပြုပြင်မှုမရှိဘဲ၊ Land Development မပြုပြင်ဘဲ စက်ကိရိယာများကို အပြည့်အဝ အသုံးချလို့မရပါဘူး။ ဒါ့ကြောင့်မို့လို့ Land Development ရှိပြီး စက်ကိရိယာအသုံးချပြီးပြီဆိုမှသာ ခိုင်းကျွဲ၊ ခိုင်းနွားများကို ရောင်းချသင့်ပါတယ်။ မြေယာထွန်ယက်မှုခက်ခဲခြင်း၊ နောက်ကျခြင်း၊ မြေပြုပြင်မှုကောင်းစွာမရှိခြင်း၊ နောက်ဆုံးအကျိုးသည် သီးနှံထွက်ရှိမှုသိသိသာသာလျော့နည်းခြင်း၊ အထွက်နှုန်းများကျဆင်းလာစေပြီး စားနပ်ရိက္ခာနည်းပါးမှုနှင့် ကုန်စျေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာ စေပြီး မတည်ငြိမ်မှုများလည်း တွေ့ဆုံလာနိုင်ဖွယ်ရှိပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများကို မြေယာပြုပြင် ထွန်စက်ရှိ၍ ရောင်းချခြင်းကိုအကျိုးသက်ရောက်မှုမရှိကြောင်း ယူဆချက်သည် လက်ရှိအခြေအနေ အရ မှားယွင်းလျက်ရှိပါကြောင်း၊ မိမိကိုယ်ပိုင်ထွန်စက်မရှိသေးဘဲ သူများအားကိုးဖြင့် မိမိပိုင် ခိုင်းကျွဲ၊ ခိုင်းနွားများကို နိုင်ငံခြားသို့တင်ပို့ရောင်းချခွင့် ခွင့်ပြုခြင်းသည် အချိန်မီစိုက်ပျိုးမှုကို ထိခိုက်လျက် ရှိကြောင်း တွေ့ကြုံနေရပါတယ်။ လယ်ယာသုံးစက်ကိရိယာများ မပြည့်စုံသေးခင်၊ မဝယ်နိုင်သေးခင်၊ အစားမထိုးနိုင်သေးခင် ခိုင်းကျွဲ၊ ခိုင်းနွားများကို နိုင်ငံခြားသို့တင်ပို့ခြင်းကို ခွင့်ပြုကြည့်ရှုနေပါက ၎င်း၏လုပ်ဆောင်ချက်သည် စိုက်ပျိုးရေး၊ မွေးမြူရေး နှစ်ခုစလုံးကို နောင်အနာဂတ် ၂၀၁၉ ခုနှစ်မှ စ၍ ကာလရှည်ကြာအကျိုးသက်ရောက်မှုရှိလာစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေပါတယ်။ အထောက်အကူပြုလျက်ရှိနေပါတယ်။ စိုက်ပျိုးရေးအောင်မြင်အောင်

ဆောင်ရွက်သလို မွေးမြူရေးထွန်းကားအောင်၊ အောင်မြင်အောင် ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ယိုးဒယားနိုင်ငံ လေးနိုင်ငံနဲ့နီးကပ်စွာ တည်ရှိနေသောကြောင့် အသားစားတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရောင်းချနိုင်သော ဈေးကွက်ကြီး ရှိသည့်အတွက် စနစ်တကျအသားစားမွေးမြူရေးလုပ်ငန်း ထူထောင်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ ယခုတင်ပို့နေသော ခိုင်းကျွဲ၊ ခိုင်းနွားများထဲမှ အသားစားမွေးမြူရန်၊ မျိုးကောင်းမျိုးသန့်ခိုင်းကျွဲ၊ ခိုင်းနွားများ ပါရှိနေပါကြောင်း၊ ခိုင်းကျွဲ၊ ခိုင်းနွားများ မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ပြီးတော့ မွေးမြူရေးမျိုးစပ်လုပ်ငန်းများ၊ မျိုးထုတ်လုပ်မှုများ အလေးထားဆောင်ရွက်ရမည့်အစား အခုလို ခိုင်းကျွဲ၊ ခိုင်းနွားများ ရောင်းချခွင့်ပြုခြင်းသည် ရွှေဥ ဥပေးတဲ့ဘဲငန်း တစ်ခါတည်းသတ်ဖြတ်သလို အမြစ်ဖြတ်တုံးတိ အခြေအနေကောင်းများကို မိမိကိုယ်တိုင်ဖျက်ဆီးရာရောက်စေကြောင်း သိရှိရပါတယ်။ တကယ့်လက်တွေ့တွင် ပြည်ပသို့တင်ပို့ရာတွင် လယ်ယာလုပ်ငန်းတွင် မလိုအပ်သော ကျွဲအို၊ နွားအိုများမဟုတ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ခိုင်းကျွဲ၊ ခိုင်းနွားများသာဖြစ်နေကြောင်း၊ ပါမစ်မရှိဘဲ တင်ပို့နေကြောင်း၊ ရောင်းချနေကြောင်း၊ တောင်သူလယ်သမားများကလည်း ရောင်းချချင်လို့ ရောင်းချတာမဟုတ်ကြောင်း၊ ဓာတ်မြေသြဇာအကြွေး၊ အတိုးကြီးသောပြင်ပချေးငွေများ၊ နိုင်ငံတော် ပေးဆပ်ရန်အကြွေးများ အချိန်မီပေးဆပ်ရန်အတွက် ရောင်းချနေရကြောင်း တိရစ္ဆာန်စားကျက်မရှိ၍ ရောင်းချရကြောင်း ကြားသိရပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများမရောင်းအောင် ချေးငွေများနှစ်တို၊ နှစ်ရှည် လုံလောက်အောင် ထုတ်ပေးသင့်ပါကြောင်း၊ တိရစ္ဆာန်စားကျက်မရှိရင်လည်း ယခင်ရှိထားသော ရွာပိုင်စားကျက်များ ပြန်လည်တည်ထောင်ရမည်ဖြစ်ပါကြောင်း၊ ပျက်နေတာတွေကိုပြင်မှ ပြောင်းလဲ တိုးတက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများ တရုတ်ပြည်ကဝယ်ယူပြီး ၎င်း၏စက်ကိရိယာများကို တင်ပို့လာမည်ဖြစ်ကြောင်း ခိုင်းကျွဲ၊ ခိုင်းနွားများရောင်းမိသည့်အတွက် ကျွဲဈေး၊ နွားဈေး၊ မြေဆွေးများရယူသွားသလို ၎င်းတို့ရဲ့ ဓာတုဓာတ်မြေသြဇာများကို ပိုမိုရောင်းချတော့ မည်ဖြစ်ကြောင်း တရုတ်ပြည်က နှစ်လမ်းသွားလေးလမ်းမြတ် အမြတ်ကြီးမြတ်အောင် စက်ဈေးကွက် ကြီးဖန်တီးအောင် စီမံဆောင်ရွက်နေကြောင်း တွေ့ရှိရပါသဖြင့် ဒီအဆိုကို ကျွန်တော် အရေးကြီး အဆိုနှင့် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ တောင်သူလယ်သမားများရဲ့အခက်အခဲသည် စားနပ်ရိက္ခာမှီဝဲသော မြန်မာနိုင်ငံသားတိုင်း၏ အခက်အခဲပင်ဖြစ်ပါကြောင်း နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထားကူညီဖြေရှင်းထောက်ပံ့ပေးဖို့ တာဝန်ရှိပါကြောင်း၊ ဤအခက်အခဲသည် အားလုံးနှင့် သက်ဆိုင်လာမည်ဖြစ်ပါ၍ သတိကြီးကြီးနဲ့ ထားရှိဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ကူညီဖြေရှင်း ရာတွင် အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးဖို့ တင်ပြအပ်ပါတယ်။ (၁) မျိုးကောင်းမျိုးသန့် ခိုင်းကျွဲ၊ ခိုင်းနွားများ နိုင်ငံခြားသို့ တင်ပို့ခွင့်မရှိသေးရန်၊ (၂) မွေးမြူရေးဌာန မျိုးစပ်၍ရသော မျိုးကောင်းမျိုးသန့်များ ဝယ်ယူထားပြီး စပ်မျိုးမျိုးပွားထုတ်လုပ်ဆောင်ရွက်ပေးရန် ယနေ့ မျိုးထုတ်လုပ်မှုမရှိတဲ့ ကျယ်ကျယ်ပြန့်ပြန့်မမွေးနိုင်ပါဘူး၊ (၃)ဒေသအလိုက် တောင်သူလယ်သမားများ အကြိုက် စက်ကိရိယာများ အမြန်ဆုံးနှစ်တို၊ နှစ်ရှည်ချေးငွေများ စက်ကိရိယာများ အကြွေးရောင်းချ ပေးရန်၊ ယခုရောင်းချပေးနေသောစနစ်သည် အချို့သာဝယ်ယူနိုင်ပြီး အများကမဝယ်နိုင်ပါဘူး၊ (၄)

စိုက်ပျိုးစရိတ်ကို သီးနှံအလိုက်၊ စိုက်သီးနှံအလိုက် လုံလောက်စွာ ချေးငွေထုတ်ပေးရန်ဖြစ်ပါတယ်။ ဒီနေ့အချိန်အခါမှာ ရာသီဥတုဖောက်ပြန်တဲ့အချိန်ကာလမှာ စပါးစိုက်ပျိုးမှုနှစ်သိန်းခွဲကုန်ရင် လက်ထဲမှာ လေးသိန်း၊ ငါးသိန်းလောက်ရှိမှ စိုက်ပျိုးလို့ရမယ့်အနေအထားမှာ ရှိနေပါတယ်။ (၅) မွေးမြူရေး၊ မျိုးကောင်းမျိုးသန့်စိုက်မျိုးများ ဒေသအလိုက် အသားတိုးတိရစ္ဆာန်များ၊ ရှာပိုင်စားကျက်များ ပြန်လည်တည်ထောင်ပေးရန်၊ (၆) သီးနှံအလိုက် အာမခံသီးနှံဈေးနှုန်းများ ထားရှိဆောင်ရွက်ပေးရန်၊ (၇) အဆင့်မြင့်သီးနှံသိုလှောင်ရုံ ဆိုင်လုံများ သင့်တော်သောနေရာများတွင် ထားရှိ၍ ဝယ်ယူသိုလှောင်ပေးရန်၊ (၈) အသိပညာ၊ နည်းပညာများ ပိုမိုတိုးချဲ့ဆောင်ရွက်ပေးရန်၊ (၉) ကျေးရွာအလိုက် GAP ကြီးကြပ်ရေးမန်နေဂျာများ ထားရှိခန့်ပေးရန်၊ (၁၀) ဈေးကွက်တိုးချဲ့ပေးရန်နှင့် သင့်တင့်သောဈေးနှုန်းများရရှိအောင် ဆောင်ရွက်ပေးရန်၊ (၁၁) ရေကြီးနစ်မြုပ်မှုများကို သီးနှံပျက်စီးမှုများ အမြန်ဆုံးကူညီထောက်ပံ့ပေးရန်နှင့် ရေကြီးနစ်မြုပ်မှုရှိနိုင်သောနေရာများကို ကြိုတင်စီမံဆောင်ရွက်ပေးရန်၊ (၁၂) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲဆောင်ရွက်ရာတွင် စက်ကိရိယာအစားထိုးပြီးမှသာ ခိုင်းကျွဲခိုင်းနွားများ တင်ပို့ရောင်းချရန်။ နိဂုံးချုပ်အားဖြင့် လက်မှုလယ်ယာမှ အသေးစားစက်မှုလယ်ယာသို့ပြောင်းလဲရာတွင် ရာသီဥတုဖောက်ပြန်နေသောကာလတွင် စည်းစနစ်တကျအချိန်ကာလအလိုက် မပြောင်းလဲလိုက်ပါက တိုင်းပြည်အတွက် စားနပ်ရိက္ခာရှားပါးမှု၊ အရန်ရိက္ခာမရှိပါက တိုင်းပြည်အတွက် အန္တရာယ်ကြီးမားစေပါတယ်။ သို့ဖြစ်၍ ကျွန်တော်၏ အဆိုဖြစ်သော စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမသုံးစွဲနိုင်ခင်မှာ ရာသီချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စရာ လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအပေါ် ကန့်သတ်တားမြစ်ပါရန်နှင့် လိုအပ်သလို ဖြေရှင်းကူညီထောက်ပံ့ပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို မှန်/မမှန် သိရှိဆုံးဖြတ်နိုင်ဖို့ ဝိုင်းဝန်းဆွေးနွေးပေးပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းတင်သွင်းသွားတဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမသုံးစွဲသေးနိုင်တဲ့အချိန်မှာ ရာသီမီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းအပေါ် ကန့်သတ်တားမြစ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အထူးအရေးပါသောအဆိုဖြစ်ကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ စိုက်ပျိုးရေးကောင်းမှ၊ မွေးမြူရေးကောင်းမည်ဖြစ်သလို မွေးမြူရေးကောင်းမှ စိုက်ပျိုးရေးကောင်းမည်ဖြစ်သောကြောင့် အပြန်အလှန် အကျိုးပြုလျက်ရှိနေပါတယ်။ ယခုအခါ မြန်မာနိုင်ငံတွင် ကျေးလက်နေတောင်သူလယ်သမားများ ရာသီဥတု

ဖောက်ပြန်မှုကြောင့် သီးနှံများပျက်စီးကာ စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်နေကြပါတယ်။ နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေများ၊ ပြင်ပအတိုးချေးငွေများအတွက် မိမိတို့ခိုင်းကျွဲ၊ ခိုင်းနွားများကို ရောင်းချပြီး အကြွေးဆပ်နေရကြောင်း လေ့လာတွေ့ရှိရပါတယ်။ မိုးဦးကာလစိုက်ပျိုးရာသီတွင် မြေပြုပြင်ခြင်းလုပ်ငန်းများကို ခိုင်းကျွဲ၊ ခိုင်းနွားများ မဖြစ်မနေရောင်းချလိုက်ရတဲ့အတွက်ကြောင့် မြေထွန်ယက်မှုခက်ခဲပြီးတော့ သီးနှံစိုက်ပျိုးမှု နောက်ကျလျက်ရှိကြောင်း ကြားသိနေရပါတယ်။ စိုက်ပျိုးရေးမှထွက်ရှိသော စားနပ်ရိက္ခာများသည် စိုက်ပျိုးသောတောင်သူလယ်သမားများမွေးမြူသော လုပ်ငန်းရှင်များအပြင် နိုင်ငံသားများအတွက် အထောက်အပံ့ပေးသော မှီခိုရသောလုပ်ငန်းကြီးဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။ တောင်သူလယ်သမားများ၏အခက်အခဲများကို ကူညီ ဖြေရှင်းပေးဖို့ နိုင်ငံတော်မှ မူဝါဒများလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခြင်းနဲ့ နိုင်ငံတော်မှပေါက်ဈေးအတိုင်းဝယ်ယူပြီး မျိုးကောင်းမျိုးသန့်များ ရွေးချယ်၍ အသားတိုး၊ အသားစား ဆဲလ်မျိုးများထုတ်လုပ်နိုင်ပါက ပိုမိုအကျိုးရှိမှာဖြစ်ပြီး ကူညီဖြေရှင်းပေးရာလည်းရောက်မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း လုပ်ကွက်ငယ်တောင်သူ လယ်သမားများရဲ့ တစ်နိုင်တစ်ပိုင်မွေးမြူရေးများကို နှစ်တိုနှစ်ရှည်ချေးငွေများ၊ လယ်ယာစက်ကိရိယာများ အကြွေးစနစ်ဖြင့် ရောင်းချခြင်းအစီအစဉ်များပြုလုပ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ယခုအခါ ရေကြီးနစ်မြုပ်သောကြောင့် သီးနှံများပျက်စီးပြီး ပြန်လည်စိုက်ပျိုးရန် စပါးများမရှိခြင်း၊ ထွန်ယက် စိုက်ပျိုးနိုင်ရန် ခိုင်းကျွဲ၊ ခိုင်းနွားများ ရောင်းချလိုက်ရခြင်းကြောင့် အချိန်မီ အစားထိုးမစိုက်ပျိုးနိုင်သဖြင့် နိုင်ငံတော်ရဲ့ အရန်စားနပ်ရိက္ခာသိုလှောင်ထားမှုစနစ်ပါ ထိခိုက်ပျက်စီးလာနိုင်ပါတယ်။ ကျွန်တော် တို့ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာ ခိုင်းကျွဲ၊ ခိုင်းနွားများ ဒေသထွက် အသားတိုး ကျွဲနွားများ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းကြောင့် အခုအခါ အချိန်မီထွန်ယက် စိုက်ပျိုးမှု မလုပ်နိုင်တော့ပါ။ လယ်ယာသုံးစက်ကိရိယာများလည်း မဝင်နိုင်တဲ့အတွက်ကြောင့် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒီအခက်အခဲများကို နိုင်ငံတော်မှဥပဒေများနှင့်အညီ တောင်သူလယ်သမားများ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်မှုလုပ်ငန်းများရှိသကဲ့သို့ မွေးမြူရေးမျိုးကောင်းမျိုးသန့်များ၊ မျိုးစပ်ထုတ်လုပ်သည့် လုပ်ငန်းများရှိဖို့လည်း လိုအပ်ပါတယ်။ အခုလို ပြင်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေသော ခိုင်းကျွဲ၊ ခိုင်းနွားများနှင့် အသားတိုး ကျွဲ၊ နွားများ ပါရှိသည့်အတွက် အလွန်နှမြောစရာ ကောင်းလှပါတယ်။ ၎င်းကျွဲ၊ နွားများကို စနစ်တကျရွေးချယ်ပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ပါက နိုင်ငံတော်အတွက် အလွန်အကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုဟာ နိုင်ငံတော်အတွက် အကျိုးရှိမည့် အဆိုကောင်း တစ်ခုဖြစ်သည့်အတွက်ကြောင့် စိုက်ပျိုးရေး စက်ကိရိယာများအပြည့်အဝ မသုံးစွဲနိုင်တဲ့ဆီမှာ ရာသီမီ ထွန်ယက်စိုက်ပျိုးနိုင်ဖို့ လယ်ယာအတွက် အသုံးပြုနေတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများကို ပြင်ပနိုင်ငံသို့ တင်ပို့ရောင်းချနေခြင်းအပေါ် ကန့်သတ် တားမြစ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ဦးစိန်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံရန်လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ကိုယ်စားလှယ်တစ်ဦး**။ ။ သဘောမတူပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကိုလက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၃၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၀၄ မဲနဲ့ ကြားနေဆန္ဒမဲ ၄ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းသွားတဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာပါတယ်။

## ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်းတင်သွင်းသွားတဲ့အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၄-၇-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို ၂၀-၆-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်နည်းဥပဒေများ၏ နည်းဥပဒေ၊ နည်းဥပဒေခွဲ၊ အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ ၂၅-၇-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို ၁၉-၆-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၅-၇-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ အချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ (၂၃.၇.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Khin Cho U Maung Maung Win




Daw Aye Mya Mya Myo U Hla Kyaw




Daw Nan Htwe Thu U Hla Kyaw




U Sai Tun Sein U Hla Kyaw




Dr Lin Lin Kyaw U Hla Kyaw




U Hla Kyaw U Saw Thalay Saw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်